# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိပြုဖွယ် အမှုကိစ္စ**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ဓမ္မပဒ(ဓမ္မပဒ-၂၁၇)


၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက် | ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၁၅ ရက်၊ စနေနေ့ | အတွဲ (၆၂)၊ အမှတ်(၂၈၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၂၃ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပပြုလုပ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုး

နေပြည်တော် ဇူလိုင် ၁၄

သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ် မိုးရာသီတစ်အုပ်တစ်မသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိသည်။

ယနေ့တွင် ၂၀၂၃ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ✻*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဒုတိယအကြိမ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲအခမ်းအနားကို ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင် စိုက်ပျိုးပေးစဉ်။

**ယနေ့ ဖတ်စရာ**

**ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန် ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၇ မြို့နယ်ကို သဘာဝဘေးအန္တရာယ် ကျရောက်သည့်ဒေသဖြစ်ကြောင်း ဒုတိယအကြိမ်ကြေညာ** စာမျက်နှာ ၄

**(၅၆)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် ထုတ်ပြန်ခဲ့သည့် ပူးတွဲကြေညာချက်တွင် မြန်မာနိုင်ငံကိစ္စနှင့်ပတ်သက်၍ ဖော်ပြချက်အချို့သည် အာဆီယံပဋိညာဉ်ပါမူကြီးများနှင့် ကိုက်ညီခြင်းမရှိသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် လက်မခံကန့်ကွက်** စာမျက်နှာ ၇

# စည်းကမ်းလိုက်နာမှု ဘေးကင်းကွာမည်

ကမ္ဘာတစ်ခွင် ယာဉ်မတော်တဆမှုများကြောင့် လူသန်းနှင့်ချီ၍ နှစ်စဉ်သေဆုံးပြီး သန်းပေါင်းများစွာ နှစ်စဉ်ဒဏ်ရာရလျက်ရှိသည်။ လူ့ပယောဂကြောင့် အဓိကဖြစ်ပွားနေရသော ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်သွားစေရန် နည်းလမ်းများစွာဖြင့် အဖြေရှာ ကြိုးပမ်းဆောင်ရွက်နေစေကာမူ လျော့ကျသွားခြင်းမရှိဘဲ နှစ်စဉ်တိုးသည်ထက် တိုးလာနေပြီး ကမ္ဘာလုံးဆိုင်ရာ အလွန်ကြီးမားသည့် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်လာနေသည်ဟု ဆိုရာ ယာဉ်များ၊ လမ်းများနှင့် မကင်းသူတိုင်း အလေးအနက်ဂရုပြုရန် လိုအပ်သည်။

လမ်းပေါ်မတော်တဆမှုများကြောင့် ထိခိုက်ဆုံးရှုံးများကို ဖွံ့ဖြိုးဆဲနိုင်ငံများက အများဆုံးခံကြရသည့်အနက် အာဖရိက နှင့် အရှေ့တောင်အာရှဒေသက အများဆုံးဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်သည့် ကမ္ဘာလုံးဆိုင်ရာ အစီရင်ခံစာတစ်ရပ်တွင် ဆိုထားသည်။ မိမိတို့နိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ယာဉ်အသုံးပြုမှုများ ပိုမိုတိုးတက် များပြားလာခြင်းနှင့် တစ်ပြိုင်တည်းတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အစီအမံများ ပြည့်စုံလုံလောက်စွာ အချိန်မီဖြစ်ပေါ်မလာနိုင်ခြင်းတို့ကြောင့် ယခုကဲ့သို့ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်များ ကြီးထွားလာခဲ့ရခြင်းလည်းဖြစ်သည်။ ၂၀၁၉ ခုနှစ် မတ်လစာရင်းဇယားများအရ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ပြီးသည့် မော်တော်ကားစီးရေ ၁၀၈၂၁၉၇ စီးရှိပြီး ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီအပါအဝင် စက်တပ်ယာဉ်စီးရေ ၇၃၃၁၈၉၄ စီးရှိရာ လက်ရှိကာလတွင် အဆိုပါအရေအတွက်ထက် ပိုမိုနေမည်မှာ အသေအချာပင်ဖြစ်သည်။ ယာဉ်မတော်တဆမှုကြောင့် သေဆုံးမှုအများဆုံးဒေသများတွင် အပါအဝင်ဖြစ်သော အရှေ့တောင်အာရှတွင် မိမိတို့မြန်မာနိုင်ငံသည် ယာဉ်မတော်တဆမှုကြောင့် သေဆုံး၊ ဒဏ်ရာရမှု ဒုတိယအများဆုံးနိုင်ငံဖြစ်နေရာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု၊ ယာဉ်မောင်းနှင်ရာတွင် ဆင်ခြင်တုံတရားဖြင့် ထိန်းသိမ်းမောင်းနှင်နိုင်မှုတို့ လိုအပ်လျက်ရှိသည်။

ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ကမ္ဘာလုံးဆိုင်ရာ ဆယ်စုနှစ်လှုပ်ရှားမှုကို အကောင်အထည်ဖော်လျက်ရှိရာတွင် "ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကြီးကြပ်မှု (Road Safety Management)၊ ပိုမိုအန္တရာယ်ကင်းသောလမ်းများနှင့် ယာဉ်သွားလာမှု (Safer Road and Mobility)၊ ပိုမိုအန္တရာယ်ကင်းသောယာဉ်များ (Safety Vehicles)၊ ပိုမိုအန္တရာယ်ကင်းသည့် လမ်းအသုံးပြုသူများ (Safer Road Users) နှင့် ယာဉ်တိုက်ခိုက်မှုဖြစ်ပြီးပြီးချင်း တုံ့ပြန်ဆောင်ရွက်မှု (Post-Crash Response)" ဆိုသည့် မဏ္ဍိုင်ကြီး (၅) ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး ဒုတိယဆယ်စုနှစ်ကာလအတွက် 12 Voluntary Targets ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ မဏ္ဍိုင်ကြီး (၅) ခုနှင့် ရည်မှန်းချက် (၁၂) ရပ်တို့၏ ရည်ရွယ်ချက်မှာ ၂၀၁၉ ခုနှစ်ကို အခြေပြု၍ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကြောင့် သေဆုံးမှုများကို ၂၀၃၀ ပြည့်နှစ်တွင် ထက်ဝက်လျှော့ချနိုင်ရန်ဖြစ်သည်။

ယာဉ်မတော်တဆမှုများ၏ ၉၄ ရာခိုင်နှုန်းမှာ လူကြောင့်ဖြစ်ရာ ယာဉ်မောင်းသူတိုင်း၊ လမ်းပေါ်သွားလာသူတိုင်းက ကိုယ်စီလိုက်နာထိန်းသိမ်း ဆောင်ရွက်ကြခြင်းအားဖြင့်သာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်အများစုတို့ လျော့ကျသွားနိုင်မည်ဖြစ်သည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို မလိုက်နာဘဲ၊ နားမလည်ဘဲ လမ်းမများပေါ် တက်ရောက်မောင်းနှင်နေကြခြင်း၊ လမ်းပေါ်သွားလာနေကြခြင်းတို့ မဆင်ခြင်နိုင်သမျှကာလပတ်လုံး ယာဉ်မတော်တဆမှုကြောင့် သေဆုံး၊ ဒဏ်ရာရမှုအရေအတွက်တို့ တိုးနေမည်ဖြစ်ရာ ယာဉ်နှင့်လမ်းအသုံးပြုသူတိုင်းက စည်းကမ်းလိုက်နာ ဘေးကင်းကွာရေးအတွက် သတိပြုစောင့်ထိန်းနိုင်ကြရန် နှိုးဆော်အပ်ပါကြောင်း။ ။

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၇၆) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၀၄၀၀ နာရီအချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည် လမ်းဟောင်းမှလည်းကောင်း၊ ဓမ္မစေတီလမ်းအား ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံမှလည်းကောင်း၊ ဓမ္မစေတီလမ်းအား အင်းယားမြိုင်လမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းနှင့် ဦးဝိစာရလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား ဦးထောင်ဘိုလမ်းနှင့် အာဇာနည်လမ်းဆုံမှလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံအထိလည်းကောင်း၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်(သွေးဆေးကန်)လမ်းတို့အား ခေတ္တပိတ်ထားမည်ဖြစ်ပြီး လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်မည့်နေရာအား ၁၉-၇-၂၀၂၃ ရက်နေ့မှ ၂၁-၇-၂၀၂၃ ရက်နေ့ ၀၅၀၀ အချိန်မှ ၁၈၀၀ အချိန်အထိ နတ်မောက်လမ်းအား ဝင်္ကဘာလမ်းဆုံမှလည်းကောင်း၊ နတ်မောက်လမ်းအား ဖိုးစိန်လမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းနှင့်ဆုံရာမှလည်းကောင်း၊ ဗိုလ်ချိုလမ်းအား ရွှေကြက်ယက်လမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား စောမဟာလမ်းဆုံမှလည်းကောင်း ခေတ္တပိတ်ထားမည်ဖြစ်ပြီး လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အလံတင်အခမ်းအနားကျင်းပမည့် အတွင်းဝန်ရုံးအား ၁၉-၇-၂၀၂၃ ရက်နေ့မှ ၂၁-၇-၂၀၂၃ ရက်နေ့ ၀၅ ၀၀ အချိန်မှ ၁၈ ၀၀ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှလည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်း လမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်ထားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်လမ်းလွှဲ ဆောင်ရွက်နေသည့်အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။ **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် အိန္ဒိယနိုင်ငံသံရုံး ဒုတိယအကြီးအကဲအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၁၄**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်သည် ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံသံရုံးမှ ဒုတိယအကြီးအကဲ Ms. Nabanita Chakrabarti ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ အိန္ဒိယနိုင်ငံ၏ အကူအညီဖြင့် ဆောင်ရွက်မည့် စီမံကိန်းများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ မြန်မာ - အိန္ဒိယ နှစ်နိုင်ငံအကြား ချုပ်ဆိုထားသော အသေးစားဖွံ့ဖြိုးမှုစီမံကိန်းများ (Small Development Projects) အကူအညီပေးရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအောက်မှ အိန္ဒိယဘက်သို့ အဆိုပြုထားသည့် စီမံကိန်းများ၏ ဖြစ်ပေါ်တိုးတက်မှု၊ မိုခါမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများ ပြန်လည် ထူထောင်ရေးဆိုင်ရာ စီမံကိန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အသေးစားဖွံ့ဖြိုးမှု စီမံကိန်းသည် အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုအသိုက်အဝန်း တိုးတက်မှုကဏ္ဍများတွင် အချိန်တိုအတွင်း ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည့် စီမံကိန်းများကို အမေရိကန်ဒေါ်လာ နှစ်သန်းအောက် ပမာဏဖြင့် ဆောင်ရွက်နိုင်သည့် အကူအညီစီမံကိန်းများ (Grant Projects) ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ကမာရွတ်မြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**ရန်ကုန် ဇူလိုင် ၁၄**

ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသည့် ဆိုရိုးစကားနှင့်အညီ အနာဂတ်မျိုးဆက်သစ်များ အရည်အသွေးပြည့်မီစေရေးနှင့် လူငယ်များ ဗလငါးတန်ပြည့်မီစေရေးအတွက် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။ **(အောက်ပုံ)**



ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်စိမ်းလဲ့က လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် ဟောပြောပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကောင်းမြင့်သူက လူငယ်နှင့်ခေါင်းဆောင်မှု၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးချိုတူးက လူငယ်ရေးရာအသိပညာပေး၊ မြန်မာ့လက်ရွေးစင်ဘောလုံးအားကစားသမား ဒေါ်အေးအေးမော်က အားကစားဆိုင်ရာများနှင့် မြို့နယ်အားကစားမှူးက အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းနှင့် အားကစားသရုပ်ပြပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အားကစားအဖွဲ့များအတွက် ထောက်ပံ့ငွေများပေးအပ်ခြင်းနှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းမြင့်က လက်ခံရယူသည်။

ထို့နောက် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများ၊ လူကုန်ကူးမှုအန္တရာယ်အကြောင်း၊ ကလေးအလုပ်သမားပပျောက်ရေး၊ အမျိုးသမီးအကြမ်းဖက်မှုအကြောင်း သိကောင်းစရာ နံရံကပ်စာစောင်များနှင့် စာအုပ်ပြပွဲများကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူ ၂၅၀ ခန့် စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**စိမ်းလဲ့ (ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၁၄

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **မိုး/ဇလ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရာရှိ၊ စစ်သည် မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

** ရွှေဖုံးမှ*

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ၏ ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှတပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့်မိသားစုဝင်များ တက်ရောက်ကြသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးကြသည်။ ဆက်လက်ပြီး အခမ်းအနားတက်ရောက်လာကြသည့် အရာရှိကြီးများနှင့်ဇနီးများ၊ အရာရှိ၊ စစ်သည် မိသားစုများက သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်များကို စိုက်ပျိုးကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဇနီးနှင့်အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည် မိသားစုများ၏ စုပေါင်းသစ်ပင် စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**၂၀၁၁ ခုနှစ်မှ ၂၀၂၃ ခုနှစ် ဒုတိယအကြိမ်သစ်ပင်စိုက်ပျိုးပွဲအထိ ရေဆင်းဆည်ပတ်ဝန်းကျင်၌ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၈၈၀၅၅ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်**

ယနေ့ပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်းပင် ၁၇၆၄ ပင်၊ မန်ကျည်းရှား ၈၈၂ ပင်၊ ပိတောက် ၈၈၂ ပင် စုစုပေါင်း ၃၅၂၈ ပင်အား စုပေါင်း စိုက်ပျိုးခဲ့ကြသည်။ ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၃ ခုနှစ် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ သစ်ပင်စိုက်ပျိုးပွဲတော် (၃၇) ကြိမ်ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၈၈၀၅၅ ပင် စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။



၂၀၂၃ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပစဉ်။

# ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန် ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၇ မြို့နယ်ကို သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဒေသဖြစ်ကြောင်း ဒုတိယအကြိမ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**ကြေညာချက်အမှတ် ၃ / ၂၀၂၃**
**၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်**
**( ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက် )**

၁။ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါ (MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်ရှိ ကျောက်ဖြူမြို့နယ်၊ မာန်အောင်မြို့နယ်၊ ရမ်းဗြဲမြို့နယ်၊ အမ်းမြို့နယ်၊ စစ်တွေမြို့နယ်၊ ပေါက်တောမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ဂွမြို့နယ်၊ တောင်ကုတ်မြို့နယ်၊ သံတွဲမြို့နယ်၊ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ ကျောက်တော်မြို့နယ်၊ မင်းပြားမြို့နယ်၊ မြောက်ဦးမြို့နယ်၊ မြေပုံမြို့နယ်တို့ကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် ၂၀၂၃ ခုနှစ်၊ မေလ ၁၅ ရက်နေ့တွင် ကြေညာခဲ့ပါသည်။

၂။ အဆိုပါ မြို့နယ်များကို ပုံမှန်အနေအထားသို့ အပြည့်အဝပြန်လည်ရောက်ရှိလာစေရန် နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အချိန်ကာလဖြစ်ပါသဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနည်းဥပဒေ ပုဒ်မ ၂၆ အရ ၁၅- ၇ -၂၀၂၃ ရက်နေ့မှ ၁၄- ၉ -၂၀၂၃ ရက်နေ့အထိ သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသဖြစ်ကြောင်း ဒုတိယအကြိမ် ကြေညာလိုက်သည်။

၃။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကဏ္ဍအလိုက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန် ဖြစ်ပါသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

---

*စာမျက်နှာ ၃ မှ*

**တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၂၂၇၂၀၂ ပင်ကို စုပေါင်းစိုက်ပျိုးပေးနိုင်ခဲ့**

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီး၌လည်း မိုးရာသီသစ်ပင်စိုက်ပွဲများ ကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ပင် ၉၅၀၀၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၁၃၁၀၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၌ ၂၁၂၅၈ ပင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၁၄၄၅ ပင်၊ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်၌ ၂၁၉၉၉ ပင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၁၄၃၂၂ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၁၃၂၇၃ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၁၂၉၆၄ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၁၇၂၈၆ ပင်၊ အနောက်တောင်တိုင်းစစ်ဌာန ချုပ်၌ ၇၁၉၅ ပင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၅၉၆၂ ပင်၊ အနောက်မြောက် တိုင်းစစ်ဌာနချုပ်၌ ၈၇၁၃ ပင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၃၅၂၄၇ ပင်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၃၂၀၀ တို့ကို တိုင်းမှူးများနှင့်တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၂၂၇၂၀၂ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရတနာတန်းဝင်ကျွန်းပင် စိုက်ပျိုးပေးစဉ်။



**“ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၃ ခုနှစ် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ သစ်ပင်စိုက်ပျိုးပွဲတော် (၃၇) ကြိမ် ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၈၈၀၅၅ ပင် စိုက်ပျိုးခဲ့ပြီးဖြစ် ”**



နေပြည်တော်တိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။

---

## ဝေါမြို့၌ စာဖတ်ခြင်း၏အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်း ကျင်းပ

**ဝေါ ဇူလိုင် ၁၄**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသောလူငယ်များ ပေါ်ထွန်းလာစေရန်နှင့် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန်ဖြင့် ပြည့်စုံစေရန် အတွေ့အကြုံသစ်များကို ရည်ရွယ်၍ စာဖတ်ခြင်း၏ အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက နောင်ပတ္တရာကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ နောင်ပတ္တရာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း တာဝန်ခံကျောင်းအုပ်ဆရာ ဦးကျော်လင်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမိုးအောင်က လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ မြို့နယ်ပြန်/ဆက် ဦးစီးမှူးက Moderator အဖြစ် ဆောင်ရွက်ပေးပြီး “ဆယ်ကျော်သက် လူရည်ချွန်လေးများ”၊ “ရှေးဟောင်းရာဇဝင်”၊ “ဗမာနှင့်ဂျပန်”၊ “ရေတပ်စစ်သေနာပတိချုပ် စစ်သူကြီးလီဆွန်းရှင်း”၊ “သူမနှင့် သူမဘဝ” စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးပြောကြားသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများက မိမိတို့ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။



**အောင်မြတ်လင်း (ပြန်/ဆက်)**

# အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

## ယာဉ်/လမ်းအန္တရာယ်ကြောင့် လူသေဆုံးမှုများကို ၂၀၃၀ ပြည့်နှစ်တွင် ထက်ဝက်လျှော့ချနိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဇူလိုင် ၁၄**

အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ( National Road Safety Council– NRSC) ၏ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ မြို့တော်ဝန်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**သေဆုံး ထိခိုက်ဒဏ်ရာရမှုပိုများလာ**

ဦးစွာ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး (Road Safety) သည် ကမ္ဘာလုံးဆိုင်ရာ အလွန်ကြီးမားသည့် ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် တဖြည်းဖြည်းကြီးထွားလာနေသည်ကို မိမိတို့ နေ့စဉ်နှင့်အမျှ တွေ့မြင်ကြားသိနေရကြောင်း၊ ထို့ပြင် ဟန့်တားထိန်းချုပ်နိုင်ရန်အတွက် ကမ္ဘာတစ်ဝန်းလုံးတွင် Road Safety ကိစ္စကို အထူးအလေးအနက်ထားပြီး ဆောင်ရွက်လာကြရာ ယခုဆိုလျှင် ဒုတိယဆယ်စုနှစ်ထဲကို ရောက်ရှိလာခဲ့ပြီ ဖြစ်ကြောင်း။ WHO က ပြုစုထုတ်ပြန်သည့် အစီရင်ခံစာအရ တစ်ကမ္ဘာလုံးအတိုင်းအတာနှင့် Road Accident ကြောင့် နှစ်စဉ်ပျမ်းမျှ လူ ၁ ဒသမ ၃ သန်းခန့် အသက်ဆုံးရှုံးနေကြရပြီး လူဦးရေသန်း ၅၀ ကျော် ထိခိုက်ဒဏ်ရာရရှိနေကြကြောင်း၊ ၂၀၁၈ ခုနှစ်အတွင်း လူ ၁ ဒသမ ၃၅ သန်းအထိ အသက်ဆုံးရှုံးခဲ့ရပြီး တစ်နှစ်ထက် တစ်နှစ် သေဆုံးမှု၊ ထိခိုက်ဒဏ်ရာရရှိမှုများလည်း လျော့ကျမသွားဘဲ ပိုပြီးတိုးလာနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် လူများသေဆုံးရသည့် အဓိကအကြောင်းရင်း (Cause of Death) များထဲတွင် Road Accident ကြောင့် သေဆုံးရခြင်းသည် ပထမဆယ်စုနှစ်တာကာလတွင် အဆင့်(၈) နေရာတွင် ရှိခဲ့ပြီး ဒုတိယဆယ်စုနှစ်တာကာလဖြစ်သည့် ၂၀၂၀ ပြည့်နှစ် အလွန်နှစ်များတွင် အဆင့်(၃) နေရာသို့ ရောက်ရှိလာနိုင်ကြောင်း သုံးသပ်တွေ့ရှိ ရကြောင်း။

Road Accident ကြောင့် နိုင်ငံအများစုတွင် နှစ်စဉ် GDP ၏ ၃ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းထိ ဆုံးရှုံးနေရကြောင်း၊ ယခုကဲ့သို့ ထိခိုက်ဆုံးရှုံးနစ်နာမှုများကလည်း ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အများဆုံးရင်ဆိုင်နေကြကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ Decade of Action for Road Safety ကို အကောင်အထည်ဖော်ရာတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာချမှတ်ထားသည့် မဏ္ဍိုင်ကြီး (၅) ရပ်နှင့်အညီ ဖော်ဆောင်စေလျက်ရှိကြောင်း၊ လက်ရှိတွင် မဏ္ဍိုင်ကြီး (၅)ရပ်အပြင် ဒုတိယဆယ်စုနှစ်တာ ကာလအတွက် Global Plan ကို ရေးဆွဲခဲ့ကြပြီး 12 Voluntary Targets (၁၂) ချက်ကို ချမှတ်ကာ ယာဉ်/လမ်း အန္တရာယ်ကြောင့် လူသေဆုံးမှုများကို ၂၀၃၀ ပြည့်နှစ်တွင် ထက်ဝက်လျှော့ချနိုင်ရန် ရည်မှန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးရည်မှန်းချက်များ အောင်မြင်ရေးအတွက် အဓိကအားဖြင့် ပြည်သူအားလုံး၏ လိုက်နာပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးကြောင်း၊ တစ်ဖက်ကလည်း မိမိတို့၏ NRSC ၏မူဝါဒ၊ အစီအမံများ ခိုင်မာစွာချမှတ်ပေးနိုင်မှု၊ လုပ်ငန်းစဉ်တစ်ရပ်လုံးအပေါ်တွင် စဉ်ဆက်မပြတ်ကြီးကြပ်ကွပ်ကဲဦးဆောင်နိုင်မှု၊ အသိပညာပေးမှု၊ စစ်ဆေးကြပ်မတ်မှုနှင့်အရေးယူမှုများ ဟန်ချက်ညီအောင် ထိန်းကျောင်းနိုင်မှုများသည်လည်း အရေးကြီးသောအခန်းကဏ္ဍတွင် ပါဝင်လျက်ရှိကြောင်း။

နိုင်ငံအတွင်း ယာဉ်တိုက်ခိုက်မှုဖြစ်စဉ်များကို ၂၀၂၂ ခုနှစ်၊ NRSC ၏ နှစ်ချုပ်အစီရင်ခံစာအရ ခွဲခြမ်းစိတ်ဖြာကြည့်ရာတွင် လူ့ပယောဂကြောင့် ဖြစ်ပွားရသည့် ယာဉ်တိုက်မှုက ၉၄ ရာခိုင်နှုန်းခန့် ပါဝင်သော်လည်း တစ်ဖက်က ပတ်ဝန်းကျင်အနေအထား၊ လမ်းတည်ဆောက်ပုံအနေအထား၊ လမ်းဒီဇိုင်း၊ လမ်းအဆင့်အတန်းများကလည်း ကဏ္ဍတစ်ခုအဖြစ် ဆက်စပ်ပါဝင်နေကြောင်း၊ လမ်းတစ်ခုကို စတင်တည်ဆောက်ချိန်ကတည်းက Road Safety အတွက် ထည့်သွင်းစဉ်းစားခြင်း၊ လမ်းညွှန်း၊ လမ်းအမှတ်အသားနှင့် အချက်ပြများကို ပြည့်ပြည့်စုံစုံ မှန်မှန်ကန်ကန်တပ်ဆင်ခြင်းနှင့် တည်ဆောက်မှုပုံစံဒီဇိုင်းကို စနစ်တကျသုံးသပ်တွက်ချက်တည်ဆောက်ခြင်းများ စနစ်တကျဆောင်ရွက်ကြရန်လိုကြောင်း။

**ဖွဲ့စည်းတာဝန်ပေးအပ်**

လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့်အချက်ပြများ ပြည့်စုံမှန်ကန်ရေးသည် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးတွင် အလွန်အရေးပါသည့် လိုအပ်ချက်တစ်ရပ် ဖြစ်သည့်အတွက် နိုင်ငံတော်အကြီးအကဲက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လမ်းညွှန်း၊ လမ်းအမှတ်အသားများ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တစ်ပြေးညီဖြစ်စေရေး၊ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေရေး ကြီးကြပ်ညှိနှိုင်းဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ အဆိုပါ လမ်းညွှန်မှာကြားချက်နှင့်အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး / ပြည်နယ်ကြီးကြပ်ရေးအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း။

မိမိတို့၏ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကြောင့် ပြီးခဲ့သည့် ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ် ပထမ ၆ လတွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်) အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့များအလိုက် Road Safety Audit ဆောင်ရွက်မှု စုစုပေါင်း (၂၄၃၁) ကြိမ်ဆောင်ရွက်နိုင်ခဲ့ပြီး လမ်းညွှန်း ၁၇၄၁၄ ခု၊ အလျားလိုက်မျဉ်းအမှတ်အသား ၁၁၄၁ မိုင်၊ ကန့်လန့်ဖြတ်မျဉ်းအမှတ်အသား ၅၈၆ ခု၊ အခြားလမ်းအမှတ်အသား ၆၉၆၄ ခုနှင့် အချက်ပြ ၅၅၃ ခု ပြင်ဆင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထပ်မံဆောင်ရွက်မှုများ အနေဖြင့် လမ်းညွှန်း ၁၃၀၀၂ ခု၊ အလျားလိုက်မျဉ်းအမှတ်အသား ၈၄၄ မိုင်၊ ကန့်လန့်ဖြတ်မျဉ်းအမှတ်အသား ၆၉၅ ခု၊ အခြားလမ်းအမှတ်အသား ၃၇၉၉ ခုနှင့် အချက်ပြ ၁၃၈ ခု ဆောင်ရွက်နိုင်ခဲ့ကြောင်း။

**အရှိန်အဟုန်မြှင့်ဆောင်ရွက်**

လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများတစ်ပြေးညီဖြစ်စေရေးအတွက် ညွှန်ကြားချက်နှင့်အညီ ပြည့်စုံမှန်ကန် ကိုက်ညီမှုရှိစေရေး လုပ်ငန်းစဉ်သည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့်အတွက် သက်ဆိုင်ရာဒေသအစိုးရအဖွဲ့များ၊ ဒေသကြီးကြပ်ရေးအဖွဲ့များအနေဖြင့် အထူးအလေးထားကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ယခု ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်တွင် ဘဏ္ဍာရန်ပုံငွေများကို တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းများနှင့်အညီ ခွင့်ပြုထားပြီးဖြစ်သည့်အတွက် မိမိတို့ ဆောင်ရွက်ရန်ကျန်ရှိသည့်လုပ်ငန်းများ ပြည့်စုံမှန်ကန်စွာ အချိန်မီပြီးစီးရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့က အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးစီမံချက် National Road Safety Action Plan (2021–2023) ပါ ရည်ရွယ်ချက်၊ ရည်မှန်းချက် လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီအတွင်းရေးမှူး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၂၂ ခုနှစ် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ နှစ်ချုပ်အစီရင်ခံစာနှင့် Global Plan ရည်မှန်းချက် (၁၂) ရပ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အကြောင်းအရာများကို အနှစ်ချုပ် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စီမံခန့်ခွဲရေးကော်မတီ၊ ပညာပေးရေးနှင့် စစ်ဆေးအရေးယူရေးဆပ်ကော်မတီ၊ သုတေသနပြုရေးနှင့် ကျန်းမာရေးဆပ်ကော်မတီနှင့် ဘဏ္ဍာရေးဆပ်မကော်မတီတို့မှ အတွင်းရေးမှူးများက ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပထမအကြိမ်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက NRSC အစည်းအဝေး၏ ဆုံးဖြတ်ချက်များပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ National Road Safety Action Plan (2021–2023) နှင့် Quick Win အစီအမံ (၅) ရပ်အပေါ် ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အစည်းအဝေးသို့ တက်ရောက်လာကြသူများက အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် စပ်လျဉ်း၍ ယာဉ်စည်းကမ်း လမ်းစည်းကမ်း ဖောက်ဖျက်မှု၊ စနစ်တကျစောင့်ကြည့်မှု၊ အရေးယူဆောင်ရွက်မှု၊ ပြည်သူများအား အသိပညာပေးမှု၊ ရှေးဦးပြုစုခြင်းနှင့် အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်မှု၊ ယာဉ်အန္တရာယ်ဖြစ်ပွားပါက အရေးပေါ် ဆောင်ရွက်ရမည့်အချက်များအား ပြည်သူများသိရှိနိုင်ရေး အသိပညာပေးဆောင်ရွက်ထားရှိမှု၊ လမ်းညွှန်းအမှတ်အသားများနှင့် အချက်ပြစနစ်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှုကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# အမ်းမြို့၌ တောင်သူများအား ဟင်းသီးဟင်းရွက်မျိုးစေ့ ထောက်ပံ့ပေးအပ်ပွဲကျင်းပ



**အမ်း ဇူလိုင် ၁၄**

ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ တောင်သူများအား ဟင်းသီးဟင်းရွက်မျိုးစေ့ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါဟင်းသီးဟင်းရွက်မျိုးစေ့ ထောက်ပံ့ပေးအပ်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့(ကိုယ်စား)ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းက ဟင်းသီးဟင်းရွက်မျိုးစေ့ ထောက်ပံ့ပေးရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းဇော်တို့က ဂါယ်လောင်း၊ စခန်းမော်၊ လုံး၊ အောက်ရွာ၊ အမ်းမြောက်၊ အမ်းတောင်ကျေးရွာအုပ်စု စုစုပေါင်း ကျေးရွာအုပ်စု(၆) အုပ်စုမှ တက်ရောက်လာကြသည့် တောင်သူများထံသို့ ဟင်းသီးဟင်းရွက်မျိုးစေ့များကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

(၇၆)နှစ်မြောက် အာဇာနည်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

# မြန်မာ့အလင်းနှင့် ရင်းနှီးခဲ့သော ဗိုလ်ချုပ်အောင်ဆန်း

စလင်း - စည်သူကျော်ထင်

**ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရသည်မှာ ၇၆ နှစ်တာကာလသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်၊ ဤနေ့ ဤရက်ကို မြန်မာပြည်သူလူထုတစ်ရပ်လုံးက အောက်မေ့တသဖြစ်ကြရသည်။ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အမျိုးသားလွတ်မြောက်ရေး ကြိုးပမ်းချက်များကို သတိရလွမ်းဆွတ်ကြရသည်။**

ထိုအထဲမှ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလ မြန်မာ့အလင်းသတင်းစာနှင့် ဆက်စပ်ခဲ့ပုံများကို အလျဉ်းသင့်၍ ဖော်ပြချင်သေးသည်။ မြန်မာ့အလင်းသည် အမှန်စင်စစ် ဗိုလ်ချုပ်အောင်ဆန်းနှင့် အလွန်ရင်းနှီးကျွမ်းဝင်ခဲ့သော သတင်းစာဖြစ်သည်။

## စွမ်းစွမ်းတမံပါဝင်

၁၉၁၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော မြန်မာ့အလင်းသတင်းစာသည် ကိုလိုနီခေတ်၊ ဂျပန်ခေတ်၊ စစ်ပြီးကိုလိုနီခေတ်၊ လွတ်လပ်ရေးရပြီးခေတ်နှင့် ခေတ်ပြောင်းတော်လှန်ရေးကာလခေတ် အဆက်ဆက်တွင် တိုင်းပြည်အတွက် ကလောင်စွမ်းဖြင့် တစ်ဖက်တစ်လမ်းမှ စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်ခဲ့သည်။ ၁၉၃၀ ပြည့်လွန်နှစ်များအတွင်း မြန်မာ့အလင်းသတင်းစာ အရှိန်ရလာချိန်၌ မြန်မာ့နိုင်ငံရေးလောကတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ပါဝင်မှုများ အရှိန်ရလာချိန်နှင့်လည်း တိုက်ဆိုင်ခဲ့သည်။ အထူးသဖြင့် ဂျပန်ခေတ်တွင် ဂျာနယ်ကျော် ဦးချစ်မောင်နှင့် ဆက်စပ်၍ ဗိုလ်ချုပ်နှင့် မြန်မာ့အလင်းသည် ပိုမိုရင်းနှီးလာခဲ့သည်။

အမှန်စင်စစ် သခင်အောင်ဆန်း၊ ဦးနု၊ သခင်သန်းထွန်း၊ သခင်လှဖေ (ဗိုလ်လက်ျာ)တို့ကို တို့ဗမာအစည်းအရုံးထဲသို့ ဝင်ရောက်ရန် စည်းရုံးခဲ့သူမှာလည်း မြန်မာ့အလင်းသတင်းစာ တာဝန်ခံအယ်ဒီတာ ဦးချစ်မောင်ပင်ဖြစ်သည်ဟုဆိုသည်။ ဦးချစ်မောင်နှင့်အတူ သခင်တင်မောင် (ပန်းတနော်) လည်း ပါဝင်ခဲ့သည်။ ထိုသို့ စည်းရုံးခဲ့ပုံကိုလည်း ဂျာနယ်ကျော် ဦးချစ်မောင်၏ ဇနီးဖြစ်သူ စာရေးဆရာမ ဂျာနယ်ကျော်မမလေးက သူလိုလူစာအုပ်တွင် **"ဒီနေ့ညကိုကို ဗိုလ်တထောင်တံတားကြီးမှာ သခင်သန်းထွန်းနဲ့ ကိုနုကို စကားပြောဘို့ ချိန်းထားလိုက်တယ်၊ ကိုနုက အသင်းထဲဝင်ဘို့ရာ သခင်နာမည်ကို သူမတပ်ချင်ဘူး။ ကိုအောင်ဆန်းကိုလဲ ပါအောင်လုပ်ရလိမ့်မယ်၊ သူတို့မဝင် ဝင်အောင် ကိုကိုတော့ မရမက တိုက်တွန်းကြိုးစားရတော့မှာဘဲ၊ သူတို့ပါရင် နိုင်ငံရေးဟာ တစ်မျိုးဖြစ်လာမယ်"** ဟု ပြောပြခဲ့ကြောင်း ဖော်ပြထားသည်။

မြန်မာ့အလင်းတာဝန်ခံ အယ်ဒီတာ ဦးချစ်မောင်လက်ထက်တွင် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်နု၊ ဆရာ သိန်းဖေမြင့်နှင့် ဦးသန့်တို့သည် အောင်မြင်သော ခေါင်းကြီးရေးဆရာများ ဖြစ်ခဲ့ကြောင်း သမိုင်းဝင် သူရိယ - မြန်မာ့အလင်းနှင့် မြန်မာ့နိုင်ငံရေးစာအုပ်တွင် ဖော်ပြထားသည်။

## လွတ်လပ်ရေးကြိုးပမ်းမှုအတွက် အကူအညီ

"၁၉၃၉ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် အင်္ဂလိပ်နှင့် ဟစ်တလာ၏ ဂျာမဏီတို့ စစ်ကြေညာပြီး ဥရောပတိုက်တွင် ဒုတိယကမ္ဘာစစ်မီးကြီး ပေါက်ကွဲတောက်လောင်နေသော အချိန်အခါသမယဖြစ်သည်။ ထိုအချိန်တွင် ဗမာ့ထွက်ရပ်ဂိုဏ်းဝင်သခင်များသည် "အင်္ဂလိပ်အခက် - ဗမာ့အချက်" ဟူသော ကြွေးကြော်သံဖြင့် ၁၉၃၉ ခုနှစ် အောက်တိုဘာလထဲတွင် ဗမာ့ထွက်ရပ်ဂိုဏ်းကို စတင်ဖွဲ့စည်းခဲ့သည်။ ဗမာ့ထွက်ရပ် ဂိုဏ်းအတွင်းရေးမှူးဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၀ ပြည့်နှစ် ဩဂုတ်လ ၈ ရက်နေ့တွင် မြန်မာနိုင်ငံမှ ပြည်ပသို့ ထွက်ခွာသွားခဲ့ပြီး စစ်ကူရှာဖွေခဲ့လေသည်။ ယင်းကိစ္စတွင် မြန်မာ့အလင်းမှ ဦးချစ်မောင်နှင့် တိုက်အုပ်ဦးတင်တို့က ငွေရေးကြေးရေးမှအစ အကူအညီ ထိထိရောက်ရောက်ပေးခဲ့ကြသည်။ ထို့ပြင် ဦးချစ်မောင်က ဗိုလ်ချုပ်အောင်ဆန်း ထွက်ပေါက်ချောင်အောင် ဗိုလ်ချုပ်အောင်ဆန်း မြန်မာပြည်ထဲ၌ပင် ရှိနေသယောင် မြန်မာ့အလင်းသတင်းစာတွင် ရေးသားဖော်ပြ၍ နယ်ချဲ့အင်္ဂလိပ်အစိုးရ၏ စုံထောက်များကို မျက်စိလည်အောင် လှည့်စားပေးခဲ့သည်ဟုဆိုသည်။ ထို့အတူ ၁၉၃၀ ပြည့်နှစ် ဂျူဗလီဆရာစံ လယ်သမားအရေးတော်ပုံကြီး၊ ၁၃၀၀ ပြည့်နှစ် ရေနံမြေသပိတ်၊ ဗိုလ်အောင်ကျော်အရေး၊ လွတ်လပ်ရေးအတွက် အမျိုးသားရေးစိတ်ဓာတ်များ ရှင်သန်နိုးကြားလာစေရေးတို့အတွက် မြန်မာ့အလင်းမှ သတင်း၊ ဆောင်းပါး၊ ကာတွန်း အစရှိသည်တို့ဖြင့် ရေးသားဖော်ပြခဲ့သည်"ဟု ဆရာချစ်ကြည်ရေးကြည်ညွှန့်၏ သမိုင်းဝင်သူရိယ - မြန်မာ့အလင်းနှင့် မြန်မာ့နိုင်ငံရေးစာအုပ်တွင် ဖော်ပြထားသည်။



ရွှေတိဂုံလူထုအစည်းအဝေးကြီးတွင် ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောကြားစဉ်။

> **❖ ၁၉၃၀ ပြည့်လွန်နှစ်များအတွင်း မြန်မာ့အလင်းသတင်းစာ အရှိန်ရလာချိန်၌ မြန်မာ့နိုင်ငံရေးလောကတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ပါဝင်မှုများ အရှိန်ရလာချိန်နှင့်လည်း တိုက်ဆိုင်ခဲ့**
>
> **❖ မြန်မာ့အလင်းတာဝန်ခံ အယ်ဒီတာ ဦးချစ်မောင် လက်ထက်တွင် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်နု၊ ဆရာ သိန်းဖေမြင့်နှင့် ဦးသန့်တို့သည် အောင်မြင်သော ခေါင်းကြီးရေးဆရာများဖြစ်ခဲ့**

## သမိုင်းဝင်ကြေညာစာတမ်းကြီး

လွတ်လပ်ရေးအကြိုကာလ ၁၉၄၆ ခုနှစ်အတွင်းက မြန်မာ့အလင်းသတင်းစာတိုက် အယ်ဒီတာခန်း၌ တိုင်းပြည်အတွက် အလွန်အရေးကြီးလှသော ထုတ်ပြန်ချက်ကြီးတစ်ရပ်ကို ဗိုလ်ချုပ်နှင့် မြန်မာ့အလင်း ဝိုင်းတော်သားများက စီစဉ်ဆောင်ရွက်ခဲ့ဖူးသည်။ လွတ်လပ်ရေးအကြိုကာလ ၁၉၄၆ ခုနှစ် အောက်တိုဘာလ ၁၉ ရက် ညပိုင်းက ရန်ကုန်မြို့ ကိုယ့်မင်းကိုယ့်ချင်းလမ်းရှိ မြန်မာ့အလင်းသတင်းစာတိုက် အယ်ဒီတာခန်း၌ ပုဂ္ဂိုလ်ကြီး သုံးဦးတို့ တိုင်ပင်ဆွေးနွေးပြီးနောက် ရေးသားထားသည့် စာတမ်းတစ်စောင်ကို ထိုအချိန်က မြန်မာ့အလင်း စာစီဌာနမှ လက်ထောက်ကြီးကြပ်ရေးမှူး (ဖိုမင်ချုပ်) ဦးသန်းဆောင်နှင့် နေ့စာဖောင်သွင်း ဦးထွန်းတင်တို့ နှစ်ဦးက စာစီပေးခဲ့ရသည်။ အဆိုပါ ပုဂ္ဂိုလ်ကြီး သုံးဦးတို့၏ ကြေညာချက်မှာကား သခင်သန်းထွန်း၏ ဗမာပြည်ကွန်မြူနစ်ပါတီကို ဖဆပလ တပ်ပေါင်းစုကြီးထဲမှ ထုတ်ပစ်လိုက်သည့် ကြေညာချက်ပင် ဖြစ်လေသည်။

ထိုကြေညာချက်ကို မြန်မာ့အလင်း၏ အယ်ဒီတာ အခန်းထဲတွင် လာရောက်ရေးသားခဲ့သူ သုံးဦးမှာ ဖဆပလအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်း၊ ဒုတိယဥက္ကဋ္ဌ သခင်နုနှင့် ဖဆပလအဖွဲ့ချုပ် အမှုဆောင်လူကြီး မြန်မာ့အလင်းတိုက်အုပ် ဦးတင်တို့ဖြစ်ကြပြီး ယင်းကြေညာချက်မှာ များမကြာမီရက်အတွင်း သတင်းစာများ၏ ရှေ့ဖုံးစာမျက်နှာများတွင် သတင်းကြီးတစ်ပုဒ်အဖြစ် ပါရှိလာခဲ့ကြောင်း မြန်မာ့အလင်းသတင်းစာ အယ်ဒီတာတစ်ဦးအမည်ဖြင့် ၁၈-၇-၁၉၇၀ ပြည့်နှစ်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ရေးသားဖော်ပြခဲ့သည်။ ယင်းနောက် အောက်တိုဘာ ၂၀ ရက် ရွှေတိဂုံဘုရားအနောက်ဘက်မုခ်၌ ကျင်းပသည့် လူထုအစည်းအဝေးကြီးတွင် ဗမာပြည်ကွန်မြူနစ်ပါတီကို ဖဆပလတပ်ပေါင်းစုကြီးထဲမှ ထုတ်ပစ်လိုက်ကြောင်း ဗိုလ်ချုပ်အောင်ဆန်းက လူထုအား ရှင်းပြခဲ့သည်။ အဆိုပါ လူထုအစည်းအဝေး၌ပင် ဗိုလ်ချုပ်အောင်ဆန်းက တစ်နှစ်အတွင်း လွတ်လပ်ရေးရရှိရန် လူထုအား ကတိပေးခဲ့သည်။ ထို့နောက် သူပေးခဲ့သည့် ကတိအတိုင်း ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည်။ သို့သော် ထိုလွတ်လပ်ရေးကြီးကို အုတ်မြစ်ချတည်ဆောက်ပေးခဲ့သည့် ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းမှာမူ သူတည်ဆောက်ပေးလိုက်သည့် လွတ်လပ်ရေးဗိမာန်ကြီးကို မမြင်ရ-မရှုလိုက်ရရှာပေ။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် နံနက် ၁၀ နာရီ ၃၇ မိနစ် (စနေနေ့)တွင် လူမသမာတို့၏ လက်ချက်ကြောင့် အသက်ပေးသွားရရှာလေပြီ။ ။



ဖဆပလ၏ သမိုင်းဝင်ကြေညာချက်ကို စာစီပေးခဲ့ရသည့် မြန်မာ့အလင်းသတင်းစာတိုက်ဝန်ထမ်း ဦးထွန်းတင်နှင့် ဦးသန်းဆောင်တို့ကို တွေ့ရစဉ်။


*ကိုးကား -*

(၁) သမိုင်းဝင် သူရိယ - မြန်မာ့အလင်းနှင့် မြန်မာ့နိုင်ငံရေး၊ ချစ်ကြည်ရေး ကြည်ညွှန့်။

(၂) ၁၈-၇-၁၉၇၀ ပြည့်နှစ်ထုတ် မြန်မာ့အလင်းသတင်းစာ။

(၃) ဗမာ့တော်လှန်ရေးသမိုင်း၊ ဗိုလ်မှူးဘသောင်း(မောင်သုတ)။

# (၅၆)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် ထုတ်ပြန်ခဲ့သည့် ပူးတွဲကြေညာချက်တွင် မြန်မာနိုင်ငံကိစ္စနှင့်ပတ်သက်၍ ဖော်ပြချက်အချို့သည် အာဆီယံပဋိညာဉ်ပါ မူကြီးများနှင့် ကိုက်ညီခြင်းမရှိသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် လက်မခံကန့်ကွက်

အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တွင် ၁၁-၇-၂၀၂၃ ရက်တွင်ပြုလုပ်ခဲ့သည့် (၅၆) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ထုတ်ပြန်ခဲ့သည့် ပူးတွဲကြေညာချက်တွင် မြန်မာနိုင်ငံကိစ္စနှင့်ပတ်သက်၍ တစ်ဖက်သတ်မမျှမတဖော်ပြထားသည့် အချက်အလက်အချို့အတွက် စိတ်ပျက်မိကြောင်း မြန်မာအစိုးရကိုယ်စား ဖော်ပြအပ်သည်။

အဆိုပါပူးတွဲကြေညာချက်တွင် မြန်မာနိုင်ငံဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုခေါင်းစဉ်အောက်၌ သက်ဆိုင်ရာနိုင်ငံ၏ငြိမ်းချမ်းသောနည်းဖြင့် စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံထူထောင်ရေး ကြိုးပမ်းနေမှုများနှင့် သဘောထားရပ်တည်ချက်များကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးအခြေအနေကို ဖော်ပြထားကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ ပူးတွဲကြေညာချက်အပါအဝင် မည်သည့်ထုတ်ပြန်ချက်တွင်မဆို နိုင်ငံတစ်နိုင်ငံအား သီးခြားပစ်မှတ်ထား၍ ယင်း၏ပြည်တွင်းရေးကိစ္စအား ဖော်ပြမှုသည် အာဆီယံပဋိညာဉ်စာတမ်းတွင် ပြဋ္ဌာန်းထားသည့် “ဝင်ရောက်မစွက်ဖက်ရေးမူ” နှင့် သွေဖည်နေသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် မည်သည့်အခါကမျှ လက်ခံခြင်းမရှိကြောင်း ထပ်မံဖော်ပြအပ်သည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ ပူးတွဲကြေညာချက်(မူကြမ်း)အား ညှိနှိုင်းစဉ်က မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် တာဝန်သိစွာဖြင့် ပါဝင်ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။ သို့ရာတွင် ပူးတွဲကြေညာချက်အား အပြီးသတ်ထုတ်ပြန်ကြေညာရာတွင် မြန်မာနိုင်ငံမှ အဆိုပြုပြင်ဆင်ဖြည့်စွက်ထည့်သွင်းလိုသည့် အချက်များ၊ မြန်မာနိုင်ငံ၏ သဘောထားနှင့် စိုးရိမ်ပူပန်မှုများကို လျစ်လျူရှုခဲ့သည်။

သို့ဖြစ်၍ အထက်ဖော်ပြပါအချက်များကို အခြေခံလျက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲကြေညာချက်တွင် ပါဝင်သည့် မြန်မာနိုင်ငံကိစ္စနှင့် ပတ်သက်သည့် အချို့အချက်များအပေါ် စိတ်ပျက်မိပြီး ယင်းဖော်ပြချက်များအား ပြတ်သားစွာ ပယ်ချလျက် ပါဝင်ပတ်သက်မှုမရှိကြောင်း ထပ်လောင်းဖော်ပြအပ်သည်။ မြန်မာနိုင်ငံသည် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့်အညီ ဒီမိုကရေစီ ပြန်လည်ဖော်ဆောင်ရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုဖော်ပြအပ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်**

❑ *ကျောဖုံးမှ*

လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး တင်ပြချက်တွင် သီးခြားကုလသမဂ္ဂရုံးတစ်ရုံးက ကိုင်တွယ်သည့် လူသားချင်းစာနာမှုဆိုင်ရာကိစ္စများကို အထူးပြုထားရာ လုပ်ငန်းများ ထပ်တူဖြစ်နေကြောင်းနှင့် မဟာမင်းကြီး၏လုပ်ပိုင်ခွင့်ကို ကျော်လွန်နေကြောင်း ပြသရာရောက်သည်။ လူသားချင်းစာနာမှုဆိုင်ရာ သွားရောက်ခွင့်များ ငြင်းပယ်ကြောင်း မဟာမင်းကြီး၏အစီရင်ခံစာတွင် စွပ်စွဲချက်မှာ လွဲမှားလျက်ရှိသည်။ ခရီးသွားလာခွင့်များနှင့်စပ်လျဉ်း၍ ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း အီးယူအပါအဝင် သံရုံးများကို ၆၂ ကြိမ်၊ ကုလသမဂ္ဂအေဂျင်စီများကို ၄၆ ကြိမ်နှင့် အာဆီယံလူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးညှိနှိုင်းမှုဗဟိုဌာန (AHA Centre) ကို ၁၀ ကြိမ် မြန်မာအစိုးရက ခွင့်ပြုခဲ့သည်။ ထို့ပြင် ရခိုင်ပြည်နယ်အစိုးရက ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ကို အကြိမ် ၆၀ ကျော်၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများကို အကြိမ် ၈၀ ကျော်နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ကို အကြိမ်ပေါင်း ၅၀၀ ကျော် ခရီးသွားလာခွင့်ပြုခဲ့သည်။

မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူသည် မြန်မာနိုင်ငံကို အထီးကျန်စေရန် ရည်ရွယ်ချက်ဖြင့် အပြန်အလှန်ဆွေးနွေးမှုပြုလုပ်ခဲ့သည်ကို စိတ်ပျက်ဖွယ် တွေ့ရှိရသည်။ အစိုးရကိုသိက္ခာချရန် ကြိုးပမ်းမှုအဖြစ် အကန့်အသတ်မရှိ စာရွက်စာတမ်းများနှင့်ဆွေးနွေးမှုများ ပြုလုပ်နိုင်ရန်အတွက် ဥရောပသမဂ္ဂနှင့် အနောက်နိုင်ငံများက အထူးအစီရင်ခံစာတင်သွင်းသူအတွက် ဆီလျော်မှုမရှိသော လုပ်ပိုင်ခွင့်ကိုပေးအပ်ထားသည်။ အထူးအစီရင်ခံစာတင်သွင်းသူသည် အပြစ်မဲ့ပြည်သူ ၆၀၉၁ ဦးကို သေဆုံးစေခဲ့သော NUG နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ လူမဆန်သော ပြစ်မှုများကို ဖုံးကွယ်ထားသည်။ အထူးအစီရင်ခံစာတင်သွင်းသူက မြန်မာနိုင်ငံ၏ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများအတွက် ဖြည့်ဆည်းပေးသည့် အစိုးရပိုင်လုပ်ငန်းများအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများချမှတ်ရန် အဖွဲ့ဝင်နိုင်ငံများကို ထပ်မံတောင်းဆိုထားသည်။ ယင်းမှာ ပြည်သူများကိုထိခိုက်စေရန်နှင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအခွင့်အရေးကို ချိုးဖောက်ရန်အတွက်သာဖြစ်သည်။

ထို့အပြင် မြန်မာအရေးကိစ္စသည် ပြည်တွင်းရေးသာဖြစ်ပြီး နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအပေါ် မည်သည့်ခြိမ်းခြောက်မှုမျှ မဖြစ်ပေါ်စေသည့်အတွက် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ (၅၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလတွင် အတည်ပြုထုတ်ပြန်ခဲ့သည့် အစီရင်ခံစာများနှင့် ဆုံးဖြတ်ချက်အဆိုတို့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံး(ICC)တို့ကို ရည်ညွှန်းဖော်ပြမှုများကို မြန်မာနိုင်ငံက ပြင်းထန်စွာ ကန့်ကွက်ပယ်ချသည်။

နိုင်ငံတစ်နိုင်ငံကိုဦးတည်သည့် ဆုံးဖြတ်ချက်အဆိုများနှင့် လုပ်ပိုင်ခွင့်များ၊ ၎င်းတို့၏ နောက်ဆက်တွဲ အပြန်အလှန်ဆွေးနွေးမှုများသည် သက်ဆိုင်ရာနိုင်ငံနှင့် နိုင်ငံတကာအသိုက်အဝန်းတို့အကြား ဓမ္မဓိဋ္ဌာန်ကျသော အစီရင်ခံမှု၊ အပြုသဘောဆောင်သော ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ ဖြစ်ပေါ်စေခြင်းမရှိသည့်အတွက် ယင်းတို့ကို မြန်မာနိုင်ငံက အစဉ်တစိုက်ဆန့်ကျင်သည်။ အစီရင်ခံစာများနှင့် နိုင်ငံအချို့၏မိန့်ခွန်းများတွင် ပါဝင်သည့် အခြေအမြစ်မရှိသည့် စွပ်စွဲချက်များနှင့် ဝင်ရောက်စွက်ဖက်ပြောဆိုချက်များကို မြန်မာနိုင်ငံကပယ်ချပြီး အစည်းအဝေးများတွင် မိတ်ဆွေနိုင်ငံများ၏ မျှတပြီး အပြုသဘောဆောင်သော ပြောကြားချက်များအတွက် ကျေးဇူးတင်ရှိသည်။ ဆုံးဖြတ်ချက်အဆိုကို အတည်ပြုချမှတ်ရာတွင် ပါဝင်ပတ်သက်ခြင်းမပြုသောနိုင်ငံများနှင့် မြန်မာနိုင်ငံက အတူရပ်တည်သည်။

အထက်တွင်ဆိုခဲ့သော ဆွေးနွေးမှုများနှင့် အစည်းအဝေးများသည် မြန်မာနိုင်ငံမပါဝင်ဘဲ ဆောင်ရွက်ခဲ့ခြင်းဖြစ်သော်လည်း မြန်မာနိုင်ငံအနေဖြင့် အသေးစိတ်တုံ့ပြန်မှုများ ပြုလုပ်ပြီးဖြစ်ကာ ယင်းတုံ့ပြန်မှုများကို နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဂျီနီဗာမြို့ရှိ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတို့၏ ဝက်ဘ်ဆိုက်များတွင် တွေ့ရှိနိုင်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်**

# မဲခေါင် – လန်ချန်း နိုင်ငံများအကြား သမားရိုးကျမဟုတ်သော လုံခြုံရေးကိစ္စများနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲကျင်းပ




**နေပြည်တော် ဇူလိုင် ၁၄**

မဲခေါင်–လန်ချန်းနိုင်ငံများအကြား သမားရိုးကျမဟုတ်သော လုံခြုံရေးကိစ္စများနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ Chatrium ဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ဝင်များ၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ ထိုင်းနှင့် တရုတ်နိုင်ငံတို့ရှိ သက်ဆိုင်ရာ အသိပညာရှင် အဖွဲ့အစည်းများမှ ပါမောက္ခများနှင့် သုတေသီများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်က အမှာစကား ပြောကြားသည်။ **(ယာပုံ)**

**အမှာစကားပြောကြား**

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်ဟိုင်းက မဲခေါင် – လန်ချန်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ပြောကြားပြီး မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကား ပြောကြားသည်။

ထို့နောက် အကြမ်းဖက်မှုတိုက်ဖျက်ရေး ခေါင်းစဉ်အောက်မှ အွန်လိုင်းလောင်းကစားမှု၊ လိမ်လည်မှုတို့ဖြင့် ဆက်စပ်နေသည့် လူကုန်ကူးမှု၊ ဆိုက်ဘာမှုခင်း၊ စားနပ်ရိက္ခာလုံခြုံမှုနှင့် ဆင်းရဲမွဲတေမှုလျှော့ချရေး စသည့် ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မည့် အလားအလာများနှင့် အစီအမံများ ပေါ်ထွက်လာရေးကို ရှေးရှု၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**သတင်းစဉ်**

## သံဖြူဇရပ်မြို့နယ်၌ (၇၆)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်ဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများ ကျင်းပ

**သံဖြူဇရပ် ဇူလိုင် ၁၄**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်စာရေးဆရာအသင်းနှင့်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ (၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်ဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ရေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးသီက အာဇာနည်နေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းနှင့် လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့ကြသော အာဇာနည်ခေါင်းဆောင်ကြီးများကိုမမေ့သင့်ကြောင်းပြောကြားသည်။ ဆက်လက်၍ အာဇာနည်နေ့အထိမ်းအမှတ် အထက်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲပြုလုပ်ရာ“သမိုင်းဂုဏ်မညှိုးမျိုးအာဇာနည်”ခေါင်းစဉ်ဖြင့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၀ ၊ အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ကျောင်းသားကျောင်းသူ ၃၀ တို့က ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အမျိုးသားဒီမိုကရေစီပါတီသစ် (NEW NATIONAL DEMOCRACY PARTY) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၃၈ / ၂၀၂၃ )
၁၃၈၅ ခုနှစ် ၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်
( ၂၀၂၃ ခုနှစ် ၊ ဇူလိုင်လ ၁၄ ရက် )

**အမျိုးသားဒီမိုကရေစီပါတီသစ် (NEW NATIONAL DEMOCRACY PARTY) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းခရိုင်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ မြေအမှတ်(၇၂) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အမျိုးသားဒီမိုကရေစီပါတီသစ် (NEW NATIONAL DEMOCRACY PARTY)** ကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**အမျိုးသားဒီမိုကရေစီပါတီသစ် (NEW NATIONAL DEMOCRACY PARTY)** ၏ မှတ်ပုံတင် အမှတ်မှာ (၃၃) ဖြစ်ပါသည်။

( ပုံ ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ (NIDP) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၃၉ / ၂၀၂၃ )
၁၃၈၅ ခုနှစ် ၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်
( ၂၀၂၃ ခုနှစ် ၊ ဇူလိုင်လ ၁၄ ရက် )

**အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ (NIDP) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဖက်ခင်းရပ်၊ ဖက်ခင်းလမ်း၊ မြေအမှတ်(၂)တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော **အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ (NIDP)** ကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ (NIDP)**၏ မှတ်ပုံတင်အမှတ်မှာ (၃၄) ဖြစ်ပါသည်။

( ပုံ ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၁၄**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၃) ကို ယနေ့နံနက် ၉ နာရီက နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။





အစည်းအဝေးသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက မိမိတို့လုပ်ငန်း ကော်မတီအနေဖြင့် လုပ်ငန်း ဆပ်ကော်မတီများနှင့် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများမှ ရေးဆွဲတင်ပြသည့် ကဏ္ဍအလိုက် လုပ်ငန်းစီမံချက်များကို စိစစ်ပြီး ဗဟိုကော်မတီသို့ တင်ပြ၍ ဗဟိုကော်မတီက အတည်ပြုပေးသည့် နှစ်တို၊ နှစ်ရှည်ပင်မစီမံကိန်းများနှင့် လတ်တလော ဆောင်ရွက်ရန် ချမှတ်ပေးသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း စသည့်လုပ်ငန်းစဉ်များကို အဓိကထား ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များကို အားလုံးတက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝနှင့် အခြေခံအဆောက်အအုံများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး၊ နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များကို ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ပေါ်လာစေရန် ရည်မှန်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်သည့်အတွက် သက်ဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီများ၊ ဒေသဆိုင်ရာ လုပ်ငန်း ကော်မတီများအနေဖြင့် အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူးက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏လုပ်ငန်း ညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၃) အစည်းအဝေး ဆုံးဖြတ်ချက်များ၊ လုပ်ငန်းဆပ်ကော်မတီများနှင့် ဒေသဆိုင်ရာ လုပ်ငန်း ကော်မတီများ ပြင်ဆင်ဖွဲ့စည်းရန် လျာထားချက်၊ ဆောင်ရွက်ပြီးစီးခဲ့သည့် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ခဲ့မှု စာရင်းချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ရန်ပုံငွေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ အဖွဲ့ဝင်များက လက်ရှိလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများ၊ ရှေ့ဆက်လက် ဆောင်ရွက်သင့်သည့် လုပ်ငန်းအစီအမံများ၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးသို့ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက တင်ပြချက်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းပေါင်းစပ် ဆွေးနွေးပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## စစ်တွေမြို့နယ် ဒုံးပြင်တောင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ မုန်တိုင်းသင့် ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၄**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ဒုံးပြင်တောင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ မုန်တိုင်းသင့် ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အထူးဆေးကုသရေးအဖွဲ့၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက အဆိုပါကျေးရွာ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ မုန်တိုင်းသင့် ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား အဖျားရောဂါ၊ သွေးတိုးရောဂါ၊ ဝမ်းပျက်/ဝမ်းလျှောရောဂါ၊ အရိုးအကြောရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။ ထို့ပြင် အဆိုပါကျေးရွာအတွင်းရှိ နေအိမ်အဆောက်အအုံအတွင်း ခြင်ခိုအောင်းနိုင်သောနေရာများနှင့် ခြံဝင်းအတွင်း/အပြင်နေရာများကို ခြင်ဆေးဖျန်းခြင်းများ ဆောင်ရွက်ပေးကြသည်။



ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး Rainbow ဝန်ဆောင်မှုသမဝါယမအသင်းက ဆောင်ရွက်နေသည့် မိုးစပါးစမ်းသပ်စိုက်ပျိုးခြင်းအခမ်းအနားသို့ တက်ရောက်အားပေး

နေပြည်တော် ဇူလိုင် ၁၄

**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ ဝန်ကြီးဌာနရုံးဘေးရှိ လယ်မြေ ၂ ဒသမ ၈၄ ဧကတွင် Rainbow ဝန်ဆောင်မှု သမဝါယမအသင်းက ဆောင်ရွက်နေသည့် မိုးစပါးစိုက်ပျိုးခြင်းအခမ်းအနားသို့ တက်ရောက်ကြည့်ရှု အားပေးသည်။**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခင်နှစ်တွင် GW 11 မျိုးစပါးကို အစေ့ချစနစ်၊ ကြဲပက်စနစ်၊ ပျိုးထောင်စနစ် စသည့် စိုက်နည်းစနစ် သုံးမျိုး အသုံးပြု၍ စမ်းသပ်စိုက်ပျိုးခဲ့ရာ အစေ့ချစနစ်ဖြင့် တစ်ဧကလျှင် ၁၀၁ တင်းနှုန်း၊ ကြဲပက်စနစ်ဖြင့် တစ်ဧကလျှင် ၁၂၆ တင်းနှုန်း၊ ပျိုးထောင်စနစ်ဖြင့် တစ်ဧကလျှင် တင်း ၁၃၀ နှုန်း ထွက်ရှိခဲ့ပါကြောင်း၊ ယခုနှစ် မိုးရာသီတွင် GW 18 မျိုးစပါးကို ပျိုးထောင်စနစ် (ကောက်စိုက်စက်) ဖြင့် တစ်ဧကလျှင် မျိုးစေ့ ၁၄ ပြည်နှုန်း၊ တန်းကြား ပင်ကြား (၁၁ လက်မ X ၄ လက်မ)၊ တစ်ကေဝင်ဆုံကောက်ကွက် ၁၄၂၅၆၀ ဖြင့် စိုက်ပျိုးခဲ့ပြီး တစ်ကေ ပျမ်းမျှစပါးတင်း ၁၂၀ နှုန်း ထွက်ရှိနိုင်မည်ဟု ခန့်မှန်းရပါကြောင်း၊ ပျိုးထောင်စိုက်ပျိုးခြင်းစနစ်ကို အသုံးပြု၍ အထွက်နှုန်း၊ ကုန်ကျစရိတ်နှင့် အကျိုးအမြတ်များကို လက်တွေ့သိရှိအောင် ဆောင်ရွက်ပြီး တောင်သူများသို့ အသိပညာပြန့်ပွားရေး ကူညီနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တောင်သူများ အမှန်တကယ် အကျိုးဖြစ်ထွန်းမှုရှိစေရန် တတ်စွမ်းသမျှ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ သွင်းအားစုအနေဖြင့် သဘာဝမြေသြဇာများနှင့် ဓာတ်မြေသြဇာများကို မျှတစွာ ထည့်သွင်းအသုံးပြုစိုက်ပျိုးခြင်းဖြစ်ကြောင်း၊ စိုက်ကွက်တွင် ရေပြတ်လပ်မှုမရှိစေရေး Solar စနစ်ဖြင့်ရေရရှိအောင် ကြိုတင်စီစဉ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ



အောင်မြင်ရေးအတွက် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Rainbow ဝန်ဆောင်မှုသမဝါယမအသင်း၏ လယ်မြေ ၂ ဒသမ ၈၄ ဧကတွင် GW 18 မျိုးစပါးများကို ပျိုးထောင်စနစ်ဖြင့် စိုက်ပျိုးခြင်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း စဗဲလော့ဗ်စ်ခ်ဒေသ နိုင်ငံတကာစီးပွားရေး ဆက်သွယ်ဆောင်ရွက်မှုဝန်ကြီး မစ္စတာ ဗဲချီးစ်လာ့ဗ်ယာရင် ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၁၄**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသော စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့်အဖွဲ့သည် ယမန်နေ့ ညနေပိုင်းက စဗဲလော့ဗ်စ်ခ် ဒေသ နိုင်ငံတကာစီးပွားရေးဆက်သွယ်ဆောင်ရွက်မှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဗဲချီးစ်လာ့ဗ်ယာရင် ဦးဆောင်သော ဒေသအစိုးရအဖွဲ့နှင့် တွေ့ဆုံသည်။ (ဝဲပုံ)

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

အဆိုပါတွေ့ဆုံပွဲတွင် နှစ်နိုင်ငံအကြား ဆောင်ရွက်သွားနိုင်မည့် ပို့ကုန်၊ သွင်းကုန်ကိစ္စရပ်များ၊ မြန်မာနိုင်ငံအတွက် အရေးပါသည့် သံသတ္တုရိုင်းများ ရှာဖွေရေး၊ တူးဖော်ရေး၊ သံမဏိထုတ်လုပ်ရေးဆိုင်ရာ နည်းပညာများ အထောက်အပံ့ပေးအပ်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ သံမဏိထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် လုပ်သားများကို နည်းပညာနှင့် ထုတ်လုပ်မှု နည်းစဉ်အဆင့်ဆင့်တို့ကို ကျွမ်းကျင်တတ်မြောက်၍ ကိုယ်တိုင်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်သည်အထိ လေ့ကျင့်သင်ကြားပေးခြင်းဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံမှ ကျောင်းသားများကို ယူရယ်ဒေသရှိ အဆင့်မြင့်တက္ကသိုလ်ကြီးများသို့ ပညာတော်သင်စေလွှတ်ခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ် တည်ဆောက်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ မိတ်ဖက်နိုင်ငံများအကြား ညီရင်းအစ်ကိုစိတ်ဓာတ်ဖြင့် စည်လုံးညီညွတ်မှု ပိုမိုခိုင်မြဲစေသည့် အကြောင်းအရာများနှင့် စဗဲလော့ဗ်စ်ခ်ဒေသအနေဖြင့် စီးပွားရေး၊ ကုန်သွယ်ရေး သံတမန်များ ခန့်အပ်စေလွှတ်သွားနိုင်မည့် အလားအလာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရန် ကွင်းဆင်းဆောင်ရွက်

**စစ်တွေ ဇူလိုင် ၁၄**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာများသို့ကွင်းဆင်းပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့နယ် ငတောက်တက်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ၌ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံပြီး **(ယာပုံ)** ဒေသဖွံ့ဖြိုးရေး ကိစ္စရပ်များ၊ ရပ်ရွာ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ မုန်တိုင်းအလွန်တွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက ပြန်လည် ထူထောင်ရေးကိစ္စများနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားထားပါကြောင်း၊ စားရေရိက္ခာဖူလုံရေးသည် အဓိကဖြစ်ကြောင်း၊ အမိုးအကာအောက် ရောက်ရှိရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ပတ်သက်ပြီး လစ်ဟင်းမှုမရှိစေရေးတို့ကို မှာကြားခဲ့ပါကြောင်း၊ မှာကြားချက်များအပေါ် အကောင်အထည်ဖော်ရန် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ ကိုယ်တိုင် အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက် ရှိခြင်းကြောင့် အချိန်တိုအတွင်းမှာပင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များကိုလည်း ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့်ကြိုးစား





လုပ်ဆောင်ကြစေလိုကြောင်း၊ မိမိတို့ရပ်ရွာအတွက် ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် ကဏ္ဍများနှင့်ပတ်သက်သည့် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများက ရခိုင်ပြည်နယ်အတွင်း မိမိတို့ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ပေးနေမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျေးရွာသူ ကျေးရွာသားများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားများပြောကြားပြီး သီးစုံဒံပေါက်များ ဝေငှပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျားမသောက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံ၍ ပြန်လည်ထူထောင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးပြောကြားပြီး သီးစုံဒံပေါက်နှင့် စားသောက်ဖွယ်ရာများ ဝေငှပေးကြသည်။ (ဝဲပုံ)

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ သဘာဝဘေး ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြပြီး လုပ်ငန်း လိုအပ်ချက်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကပ်ဆိုး ဘေးဆိုး ကျော်လွှားရေး

မြတ်ဟိန်း

**ယနေ့ ကမ္ဘာ့နေရာတော်တော်များများတွင် လုံခြုံရေးမတည်ငြိမ်မှုများဖြစ်နေသည်ကို တွေ့မြင်နေရသည်။ အင်အားကြီးနိုင်ငံများအချင်းချင်း ပြိုင်ဆိုင်မှုများကြောင့် အထူးသဖြင့် နိုင်ငံငယ်လေးများတွင် မတည်ငြိမ်မှုများ ဖြစ်ပေါ်လျက်ရှိသည်။ ယူကရိန်းနိုင်ငံတွင် စစ်ပွဲဖြစ်ပွားနေသည်။ တောင်တရုတ်ပင်လယ်ဒေသတွင်လည်း မငြိမ်သက်မှုများ တွေ့မြင်နိုင်သည်။ စစ်ပွဲများမဖြစ်စေရေး၊ တည်ငြိမ်မှုရှိစေရေးအတွက် ကြိုးပမ်းမှုများရှိသလို အခြေအနေပိုမိုတင်းမာစေရန် နောက်ကွယ်မှ လှုံ့ဆော် သွေးထိုးမှုများ ပြုလုပ်နေသည်ကိုလည်း တွေ့ရသည်။ ထို့ပြင် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကိုလည်း ပိုမိုတွေ့ရှိလာရသည်။ အကြမ်းဖက်မှုများ၊ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါများနှင့် ကူးစက်ရောဂါများ ပျံ့နှံ့ဖြစ်ပွားမှုများ၊ သဘာဝဘေးအန္တရာယ်များ၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများ စသည်ဖြင့်အခါအားလျော်စွာ ကြုံတွေ့နေရသည်။**

၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းမှစတင်၍ ကိုဗစ်-၁၉ ကူးစက်ရောဂါပိုး စတင်ဖြစ်ပွားပြီး ကမ္ဘာ့နေရာဒေသအနှံ့အပြားသို့ လျင်မြန်စွာကူးစက်ပြန့်ပွားခဲ့သည်။ အလွန်ပြင်းထန်သည့် ကူးစက်ရောဂါဖြစ်သည်။ ယင်းရောဂါကြောင့် လူ့အသက်ပေါင်းမြောက်မြားစွာ သေကျေပျက်စီးရသည်။ ကူးစက်ပြန့်ပွားမှုကို တားဆီးရန်အတွက် တစ်နိုင်ငံနှင့်တစ်နိုင်ငံ၊ ဒေသတစ်ခုမှ ဒေသတစ်ခုသို့ ခရီးသွားလာခြင်းများ ပိတ်လိုက်ရသည်။ ခရီးသွားလုပ်ငန်းများလည်း ရပ်တန့်သွားသည်။ ကုန်စည်ရောင်းဝယ်မှုများလည်း နှောင့်နှေးသွားသည်။ စီးပွားရေးများလည်း ကျဆင်းကုန်သည်။ လူများသည်လည်း စိုးရိမ်စိတ်များဖြင့် နေထိုင်ရလျက်ရှိသည်။ ဆေးဝါးများကောင်းမွန်မှုနှင့် အစိုးရ၊ ကျန်းမာရေးဝန်ထမ်းတို့၏ ကာကွယ်စောင့်ရှောက်မှုများကြောင့် သေပျောက်နှုန်းလျော့ကျပြီး ထိန်းချုပ်နိုင်ခဲ့သည်။ သို့သော် လုံးဝကင်းကင်းရှင်းရှင်းပျောက်သွားသည်တော့ မဟုတ်ဘဲ မျိုးဆက်ကွဲပိုးများ ရံဖန်ရံခါဖြစ်ပွားလျက်ရှိသေးသည်။ ထို့ပြင် တချို့သောနိုင်ငံများတွင် မိုးခေါင်ရေရှားမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်၍မရတော့ဘဲ အစာရေစာရှားပါးကာ ငတ်မွတ်ခေါင်းပါးမှုများ ကြုံတွေ့ရသည်။ အချို့သောနိုင်ငံများတွင် ရေလွှမ်းမိုးမှုကြောင့် လူအများ ဒုက္ခရောက်ကြရသည်လည်းရှိသည်။

### အပြစ်မဲ့ပြည်သူ သတ်ဖြတ်ခြင်းခံနေရ

မြန်မာနိုင်ငံတွင်လည်း ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းလောက်မှစတင်ကာ ကိုဗစ်-၁၉ ကူးစက်ရောဂါပိုး စတင်ပျံ့နှံ့ဝင်ရောက်လာခြင်းကြောင့် လူအမြောက်အမြားသေကျေခဲ့ကြရသည်။ ကပ်ရောဂါဟုဆိုရမည်ဖြစ်သည်။ ထို့ပြင် ၂၀၂၁ ခုနှစ်တွင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမဲမသမာမှုများကြောင့် တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရသည့်ကာလ၌ မကျေနပ်မှုများကို အကြောင်းပြကာ လူထုဆန္ဒပြမှုများမှတစ်ဆင့် ဆူပူသောင်းကျန်းမှုများ၊ အကြမ်းဖက်သတ်ဖြတ်မှုများ ဖြစ်ပွားလာသည်။ ယနေ့တိုင် အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် NUG၊ CRPH နှင့် ၎င်းတို့၏ လက်အောက်ခံ PDF များ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူများစွာ ရက်ရက်စက်စက် သတ်ဖြတ်ခြင်းခံနေရသည်။

**နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ တံတားများ၊ လျှပ်စစ်မီးတာဝါတိုင်၊ ဆက်သွယ်ရေးတာဝါတိုင်များ ဖျက်ဆီးခြင်းခံရသည်။ အပြစ်မဲ့ပြည်သူတို့ကို အကြောင်းအမျိုးမျိုးဖြင့် စွပ်စွဲပြီး ရက်စက်စွာ သတ်ဖြတ်ကြသည်။ ရဟန်းသံဃာများကိုပင် သတ်ဖြတ်သည့်ဖြစ်စဉ်များရှိလာသည်။ ပြည်သူလူထုမှာလည်း ထိတ်လန့်စွာ စိုးရိမ်စိတ်ဖြင့် သွားလာလုပ်ကိုင်နေကြရသည်။ နိုင်ငံအတွင်း စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍအားလုံး အဆင်မပြေဖြစ်ကြရသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအနှောင့်အယှက်ဖြစ်သလို ကမ္ဘာ့အလယ်တွင် နိုင်ငံတော်နှင့် လူမျိုးအတွက်လည်း အရှက်ရဖွယ်ဖြစ်သည်။ ထိုသို့သောအခြေအနေမျိုးကို ကပ်ဆိုက်သည်၊ ကပ်ဘေးသင့်သည်ဟု ဆိုကြသည်လည်းရှိသည်။**

ဗုဒ္ဓမြတ်စွာဘုရား၏ ဟောကြားချက်များအရ ထိုသို့သောကပ်ဆိုးဘေးဆိုးမျိုးသည် ရှေးယခင်ကတည်းကလည်း ဖြစ်ပေါ်ဖူးကြောင်း ကြားနာရသည်။ ဆရာတော်ကြီးများ၏ တရားတော်များမှတစ်ဆင့် နာယူမှတ်သားမိခြင်းဖြစ်သည်။ ကပ်ဆိုသည်မှာ ပါဠိဘာသာစကားမှ ရယူထားခြင်းဖြစ်ပြီး ဘေးအန္တရာယ်ကြုံတွေ့နေရသည့် အချိန်အတိုင်းအတာတစ်ခုဟု အဓိပ္ပာယ်ရသည်။ ဘုရားရှိခိုးသည့်အခါတွင်လည်း အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါး စသည်တို့မှ ကင်းလွတ်ပါစေကြောင်း ဆုတောင်းကြသည်။ ငယ်စဉ်ကတည်းကပင် လူကြီးမိဘများ၏ ဆုံးမပြောဆိုမှုများကြောင့် စစ်ပွဲများဖြစ်ပွား၍ လက်နက်အန္တရာယ်ဖြင့် သေကျေပျက်စီးခြင်း - သတ္ထန္တရကပ်၊ အစာရေစာငတ်မွတ်ခေါင်းပါး၍ သေကျေပျက်စီးရခြင်း - ဒုဗ္ဘိက္ခန္တရကပ်၊ ရောဂါထူပြောပြီး ကူးစက်၍ သေကျေပျက်စီးရခြင်း - ရောဂန္တရကပ်ဟူ၍လည်း ကြားနာမှတ်သားရသည်။

> ❖ **ကမ္ဘာ့ဒေသနေရာအနှံ့အပြားတွင် ခေတ်ကာလအလိုက် စစ်ပွဲများဖြစ်ပွားသည်ကို တွေ့ရသည်။ ပြည်တွင်းစစ်၊ ဒေသအလိုက် စစ်ပွဲများမှသည် ကမ္ဘာစစ်ကြီးများ အထိဖြစ်ပွားသည်ကို တွေ့ရသည်။ စစ်ပွဲများကြောင့် လူအများအပြားသေကျေကြသည်။ ပျက်စီးဆုံးရှုံးမှုများလည်း ကြီးမားသည်။ အသက်မသေသော်လည်း စစ်ဘေးဒဏ်ကြောင့် အတိဒုက္ခရောက်ကြသူများ အများအပြားရှိသည်။ ဤသည်ကိုလည်း ကပ်ဘေးဟုခေါ်သည်။ ထို့ပြင် သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သည့် လေမုန်တိုင်းဒဏ်ကြောင့် သေကျေပျက်စီးမှုများလည်းရှိသည်။ တချို့သောဒေသများတွင် ရေလွှမ်းမိုးမှုကြောင့် သေကျေပျက်စီးမှုများကိုလည်း တွေ့ရသည်။ ထို့ကြောင့်လည်း စစ်ဘေး၊ လေဘေး၊ ရေဘေးတို့ကို ကပ်ဆိုး၊ ဘေးဆိုးအဖြစ် သတ်မှတ်ဟောကြားထားသည်ကို နာယူရ**

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကာလ ဝေသာလီပြည်တွင် ကပ်ကြီးသုံးပါး ကြုံတွေ့ခဲ့ရသည်ကို ဟောကြားထားသည်။ ဝေသာလီပြည်တွင် မိုးခေါင်ရေရှားသည့် ရာသီဥတုဒဏ်ကြောင့် ကောက်ပဲသီးနှံများ စိုက်ပျိုး၍မရသည့်အခြေအနေ ကြုံတွေ့ရသည်။ ထို့ကြောင့် အစာရေစာရှားပါးပြီး စားရေရိက္ခာပြတ်လပ်ကာ အစာရေစာငတ်မွတ်မှုဒဏ်ခံကြရသည်။ ဒုဗ္ဘိက္ခန္တရကပ်ဖြစ်သည်။ အစာရေစာငတ်မွတ်မှုကြောင့် လူအများမှာ အာဟာရမပြည့်ဝသဖြင့် အနာရောဂါများဖြစ်ပွားကြသည်။ တစ်ဦးမှတစ်ဦး ရောဂါများကူးစက်ပြန့်ပွားကြသည်။ ရောဂါမှာလည်း ပြင်းထန်သဖြင့် သတ္တဝါများ သေကျေပျက်စီးမှုဖြစ်ကြသည်။ ရောဂန္တရကပ်ဖြစ်သည်။ ရှေးယခင်ကာလများကလည်း အဟိဝါတရောဂါမျိုးဖြစ်ပွားသည်ဟု ဓမ္မပဒဝတ္ထုများတွင် ဆိုထားသည်။

အဟိဝါတရောဂါသည် မည်သည့်ရောဂါဟု အတိအကျမဆိုထားသော်လည်း အလွန်ပြင်းထန်၍ ကူးစက်မြန်သောရောဂါတစ်မျိုးဟု အဓိပ္ပာယ်ဖွင့်ထားသည်။ ထိုသို့ လူအများသေဆုံးမှုကို အကြောင်းပြု၍ မကောင်းဆိုးဝါးများ ဝင်ရောက်လာကာ ရောဂါများ ပိုမိုကူးစက်ပြန့်ပွားအောင် လုပ်ကြသည်။ လူအများ ပို၍အတိဒုက္ခရောက်ကြသည်။ အမနုဿန္တရကပ်ဖြစ်သည်။ ထို့ကြောင့် လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော် မြတ်စွာဘုရားရှင် သက်ရှိထင်ရှားရှိစဉ်ကာလ ဝေသာလီပြည်တွင် ဒုဗ္ဘိက္ခန္တရကပ်၊ ရောဂန္တရကပ်နှင့် အမနုဿန္တရကပ်စသော ကပ်ကြီးသုံးပါး ကြုံတွေ့ခဲ့ရသည်ဟု မှတ်သားရသည်။

### လက်နက်အသစ်အဆန်းများ တီထွင်လာကြ

သုတ္တန်တစ်ခုတွင်မူ မြတ်စွာဘုရား ဟောကြားထားသည်မှာ လောကတွင် လူသားများသည် လက်နက်အသစ်အဆန်းများ တီထွင်လာကြပြီး တစ်ဦးကိုတစ်ဦး သတ်ဖြတ်ကြမည်ဟု ဟောထားသည်။ လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်က ဟောကြားထားချက်ဖြစ်သည်။ ဘာကြောင့်ဖြစ်ရသည်ဆိုသည်ကိုလည်း ဟောပြထားသည်။ လောကတွင် လူသားများသည် အဓမ္မရာဂ၊ ဝိသမလောဘ၊ မိစ္ဆာဓမ္မတည်းဟူသော ကာမဂုဏ်အာရုံနှင့် ပတ်သက်၍ လွန်ကျူးစွာမှားယွင်းမှုကြောင့်ဟု ဟောထားသည်။ အဓမ္မရာဂဆိုသည်မှာ တရားမဲ့တပ်မက်မှုကိုဆိုလိုသည်။ ကာမဂုဏ်နှင့်ပတ်သက်၍ သားက အမေအပေါ်၊ အမေက သားအပေါ်၊ အဖေက သမီးအပေါ်၊ မောင်နှမအချင်းချင်းအပေါ် ကိလေသာစိတ်များ ပေါ်ပေါက်ကျူးလွန်ကြသည်။ ယုတ်ညံ့သည့်စိတ်များ လွှမ်းမိုးလာသည်။ ဝိသမလောဘဆိုသည်မှာ ကာမဂုဏ်အာရုံစိတ်များ သာမန်ထက် လွန်ကဲမှုဟုဆိုသည်။ မိစ္ဆာဓမ္မဆိုသည်မှာ မှားယွင်းသည့်အကျင့် ဥပမာ - လိင်တူဆက်ဆံမှုမျိုးကိုဆိုလိုသည်။ ယနေ့ခေတ်တွင်လည်း ကာမဂုဏ်ဖောက်ပြန်မှုနှင့်ပတ်သက်၍ သတင်းများ ကြားသိမြင်တွေ့နေရသည်။ လူမှုကွန်ရက်များတွင် ကာမရာဂစိတ် နိုးကြွစေသည့် ဆေးပစ္စည်းများ ပေါ်ပေါ်ထင်ထင် ကြော်ငြာရောင်းချနေသည်များလည်း တွေ့ရသည်။

မြတ်စွာဘုရားက ထိုသို့သော အဓမ္မရာဂ၊ ဝိသမလောဘ၊ မိစ္ဆာဓမ္မ စသည်တို့လွှမ်းမိုးလာမှုကြောင့် လူတို့၏စိတ်များ ဖောက်ပြန်လာမည်။ အငြိုးအတေးမုန်းတီးမှုများ များပြားလာကြမည်။ ထိုအခါ လက်နက်အသစ်အဆန်းများ တီထွင်ပြီး တစ်ဦးကိုတစ်ဦး သတ်ကြဖြတ်ကြမည်ဟု ဟောကြားခဲ့သည်။ ယနေ့ခေတ်တွင် နည်းပညာတိုးတက်မှုနှင့်အတူ လူအမြောက်အမြား သေကျေစေနိုင်သော လက်နက်ပစ္စည်းများ အပြိုင်အဆိုင်ထုတ်လုပ်သုံးစွဲလာကြသည်။ ထိုလက်နက်ဆန်းများ အသုံးပြုစမ်းသပ်နိုင်ရန် စစ်ပွဲများ ဖန်တီးလာကြသည်။ တစ်ဖန် အကြမ်းဖက်ဝါဒ၊ အကြမ်းဖက်သမားဟူ၍ပေါ်ပေါက်လာပြီး မိုင်းထောင်၊ ဗုံးခွဲ၊ လက်နက်များဖြင့် ပစ်ခတ်သတ်ဖြတ်မှုများဖြစ်လာသည်။ လက်နက်များ၏ဘေးရန်ကြောင့် သေကျေပျက်စီးမှုဖြစ်ရသည့်အတွက် သတ္တန္တရကပ်ဟု ခေါ်ဆိုရမည်ဖြစ်သည်။

ထို့ပြင် ထိုသို့သောလူသားများ၏ အကျင့်သီလပျက်ယွင်းမှုကြောင့် မိုးလေဝသမမှန်တော့ဘဲ ရာသီဥတုဖောက်ပြန်ပျက်စီးသည်။ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ပျက်စီးရသည်။ ထိုအခါ အစာရေစာ ရှားပါးငတ်မွတ်မှုဒဏ်ကြောင့် လူများ သေကျေပျက်စီးကြသည်။ ဒုဗ္ဘိက္ခန္တရကပ်ဆိုက်ရောက်ခြင်းဖြစ်သည်။ ယခုလတ်တလောတွင် ကြုံတွေ့နေရသော ကိုဗစ် - ၁၉ ကူးစက်ရောဂါသည်လည်း ကပ်ရောဂါတစ်မျိုးဟု ဆိုရပေမည်။ ရောဂန္တရကပ်ဖြစ်သည်။

### အနှံ့အပြားတွင် စစ်ပွဲများဖြစ်ပွား

**သုတ္တန်တစ်ခုတွင်မူ ကပ်ကြီးသုံးပါးဖြစ်ရသည်မှာ စစ်ဘေး၊ မီးဘေး၊ ရေဘေးတို့ကြောင့်ဖြစ်ရသည်ဟုဟောထားသည်။ သမိုင်းကိုကြည့်ပြန်လျှင်လည်း ကမ္ဘာ့ဒေသနေရာအနှံ့အပြားတွင် ခေတ်ကာလအလိုက် စစ်ပွဲများဖြစ်ပွားသည်ကို တွေ့ရသည်။ ပြည်တွင်းစစ်၊ ဒေသအလိုက် စစ်ပွဲများမှသည် ကမ္ဘာစစ်ကြီးများအထိဖြစ်ပွားသည်ကို တွေ့ရသည်။ စစ်ပွဲများကြောင့် လူအများအပြားသေကျေကြသည်။ ပျက်စီးဆုံးရှုံးမှုများလည်း ကြီးမားသည်။ အသက်မသေသော်လည်း စစ်ဘေးဒဏ်ကြောင့် အတိဒုက္ခရောက်ကြသူများ အများအပြားရှိသည်။ ဤသည်ကိုလည်း ကပ်ဘေးဟုခေါ်သည်။** ထို့ပြင် သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သည့် လေမုန်တိုင်းဒဏ်ကြောင့် သေကျေပျက်စီးမှုများလည်းရှိသည်။ တချို့သောဒေသများတွင် ရေလွှမ်းမိုးမှုကြောင့် သေကျေပျက်စီးမှုများကိုလည်း တွေ့ရသည်။ ထို့ကြောင့်လည်း စစ်ဘေး၊ လေဘေး၊ ရေဘေးတို့ကို ကပ်ဆိုး၊ ဘေးဆိုးအဖြစ် သတ်မှတ်ဟောကြားထားသည်ကို နာယူရသည်။

သုတ္တန်တစ်ခုတွင် လူသားများနှင့် သဘာဝပတ်ဝန်းကျင် ဆက်စပ်နေပုံများကို ဟောကြားထားသည်ကိုလည်း နာယူမှတ်သားရသည်။ ယခုခေတ်တွင် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုကြောင့် အိုဇုန်းလွှာပေါက်ကာ ရာသီဥတုဖောက်ပြန်မှုများကို လေ့လာသုတေသနပြုဖော်ထုတ်သည်။ မြတ်စွာဘုရားရှင်က ရှေးယခင်ကပင် ကြိုတင်ဟောပြောတော်မူခဲ့သည်။ လောကတွင် လူသားများ ကိုယ်ကျင့်သီလစောင့်ထိန်းမှုမရှိဘဲ ကိုယ်ကျင့်တရားများ ပျက်ပြားလာလျှင် စကြဝဠာအတွင်းရှိ ဂြိုဟ်အနေအထားလမ်းကြောင်းများပြောင်းလဲပြီး နက္ခတ်တာရာတို့သည်လည်း လမ်းကြောင်းတိမ်းလွဲခြင်းများဖြစ်မည်။ ရာသီဥတုပုံမှန်မဟုတ်တော့ဘဲ ဖောက်ပြန်လာမည်ဟု ဟောခဲ့သည်။ ရာသီဥတုဖောက်ပြန်မှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ထိခိုက်မည်။ ထို့ကြောင့် စားရေရိက္ခာဖူလုံမှုမရှိတော့ဘဲ လူသားတို့ အာဟာရမပြည့်ဝမှုကြောင့် ကျန်းမာရေးထိခိုက်လာမည်။ ရောဂါဘယများ ထူပြောလာမည်။ လူတို့၏သက်တမ်းပါ တိုလာမည်ဟု ဟောကြားခဲ့သည်။

ဂေါတမမြတ်စွာဘုရားပွင့်တော်မူသည့် ကာလသည် ကလိယုဂဟုဆိုသည်။ ဆုတ်ခေတ်ကာလဖြစ်သည်။ ကိုယ်ကျင့်သီလပျက်ပြားသည့်သူများ များပြားနေသည့်အတွက် ဖြစ်သည်ဟုဆိုသည်။ ခြေထောက်လေးချောင်းရှိသည့် စားပွဲတစ်ခုတွင်

*စာမျက်နှာ ၁၁ သို့*

## မဟာအောင်မြေမြို့နယ်၌ လက်ဝှေ့(Boxing) သင်တန်းဖွင့်

**မန္တလေး ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်တွင် အားကစားနှင့်ကာယပညာဦးစီးဌာနက ဦးစီး၍ လက်ဝှေ့(Boxing)သင်တန်းကို စိန်ပန်းအားကစားရုံ၌ (အခမဲ့) သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါလက်ဝှေ့သင်တန်းကို တိုင်း/ခရိုင်/မြို့နယ်အတွင်း မြန်မာ့လက်ရွေးစင်ကစားသမားများ ပေါ်ထွက်လာစေရန်နှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ မည်သူမဆို (အခမဲ့)တက်ရောက်သင်ကြားနိုင်ပြီး နေ့စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၇ နာရီမှ ၉ နာရီနှင့် ညနေ ၄ နာရီမှ ၆ နာရီအတွင်း ၃၈ လမ်း၊ ၈၁ လမ်းနှင့် ၈၂ လမ်းကြားရှိ စိန်ပန်းအားကစားရုံ၌ လာရောက်သင်ကြားလေ့ကျင့်နိုင်ကြောင်း၊ သင်ကြားရေးနည်းပြအဖြစ် မြို့နယ်အားကစားမှူး ဦးရိုးမွန်က လက်တွေ့သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **အောင်ဇော်မင်း**

## ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ပေးခြင်းအတွက် သင်တန်းပို့ချ

**စစ်တွေ ဇူလိုင် ၁၄**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ပေးမည့်ကျားမသောက်ကျေးရွာ၌ ကျေးရွာအဖွဲ့ဝင်များ ဆောင်ရွက်မည့် ရက်ကန်းလုပ်ငန်းအတွက် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ အဆိုပြုလွှာရေးသားနည်း သင်တန်းကို ဇူလိုင် ၁၁ ရက်က တာဝန်ရှိသူများက သင်တန်းပို့ချပေးခဲ့သည်။

သင်တန်းတွင် စစ်တွေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးညီညီနှင့် ဒုတိယဦးစီးမှူး ဦးကျော်ကျော်ဦးတို့က ကျားမသောက်ကျေးရွာသို့ မြေပြင်ကွင်းဆင်း သွားရောက်ကာ ကျေးရွာအဖွဲ့ဝင်များအား ထိုလုပ်ငန်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားပေးခြင်း အပါအဝင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ပေးခြင်း၊ လုပ်ငန်းအဆိုပြုလွှာရေးသားခြင်း သင်တန်းများကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပို့ချပြသခဲ့ကြပြီး အဆိုပါလုပ်ငန်းကို အသင်းအဖွဲ့လေးစုနှင့် စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

## ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ

## ရေကြောင်းသတိပေးချက် ထုတ်ပြန်

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော MPRL E&P Pte Ltd. သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ A-6 ဧရိယာတွင် Pyitharyar Integrated Project အရ Geophysical and Shallow Geotechnical Site Investigation Survey လုပ်ငန်းများအား SS. BARAKUDA ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကို ဖော်ပြသည့် Coordinate များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၄ မိနစ် ၃၆ ဒသမ ၅၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၂ မိနစ် ၀၀ ဒသမ ၉၉ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၈ မိနစ် ၅၄ ဒသမ ၆၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၈ မိနစ် ၂၀ ဒသမ ၂၈ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၂ မိနစ် ၃၃ ဒသမ ၈၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၈ မိနစ် ၂၂ ဒသမ ၂၃ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၈ မိနစ် ၁၁ ဒသမ ၄၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၁ မိနစ် ၂၂ ဒသမ ၇၂ စက္ကန့်၊ Point E မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၆ မိနစ် ၅၀ ဒသမ ၀၂ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၃ မိနစ် ၁၂ ဒသမ ၁၀ စက္ကန့်၊ Point F မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၅၈ မိနစ် ၃၈ ဒသမ ၂၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၆ မိနစ် ၅၆ ဒသမ ၅၉ စက္ကန့်၊ Point G မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၃ မိနစ် ၀၃ ဒသမ ၅၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၁ မိနစ် ၄၇ ဒသမ ၆၃ စက္ကန့်နှင့် Point H မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၁ မိနစ် ၄၉ ဒသမ ၈၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၁ မိနစ် ၀၃ ဒသမ ၈၇ စက္ကန့်တို့အတွင်းတွင် ၂၀၂၃ ခုနှစ် ဇူလိုင် ၁ ရက်မှ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၅ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ A-6 ဧရိယာတွင် Pyitharyar Integrated Project အရ Geophysical and Shallow Geotechnical Site Investigation Survey လုပ်ငန်းများအား SS BARAKUDA ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တည်နေရာများမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

*စာမျက်နှာ ၁၀ မှ*

ခြေထောက်သုံးချောင်း ကျိုးနေသည့်အနေအထားဖြင့် ဥပမာပေးထားသည်။ ဆိုလိုသည်မှာ လောကလူသားများအနက် လေးပုံသုံးပုံသည် ကိုယ်ကျင့်သီလပျက်ပြားပြီး လေးပုံတစ်ပုံခန့်သာ ကိုယ်ကျင့်သီလကောင်းသည့် လူကောင်းများရှိသည်ဟု ဆိုသည်။ ထို့ကြောင့်လည်း ရိုင်းစိုင်းရက်စက်မှုများ၊ သတ်ဖြတ်မှုများ ပေါများလာခြင်းဖြစ်သည်။ ရာသီဥတုသည်လည်း ဆိုးသည်ထက်ဆိုးလာသည်။ လူတို့၏သက်တမ်းသည်လည်း တိုသည်ထက်တိုလာသည်။ လူသားများ၏လုပ်ရပ်များကြောင့် ယခုလိုအကျိုးဆက်ဖြစ်လာရခြင်း ဖြစ်သည်ဟု ဆိုသည်။ ကိုယ်လုပ်တာကိုယ်ရသည့်သဘောဖြစ်သည်။ မကောင်းတာလုပ်သည့်သူများသည့်အတွက် မကောင်းသည့်ဆိုးကျိုးများရလာခြင်းဖြစ်သည်။ ကမ္ဘာမပျက်သေးသော်လည်း ကမ္ဘာပေါ်ရှိလူသားများ အတိဒုက္ခရောက်နေရသည့်အနေအထားဖြစ်သည်။ လူသားအများစု ကိုယ်ကျင့်သီလများကောင်းမွန်လာသည့်အချိန်ကာလမျိုး ရောက်ရှိလာသည့်အခါတွင် ပြန်လည်၍ အေးချမ်းသာယာလာမည်ဟုဆိုသည်။

ထိုသို့ဖြစ်ရခြင်းမှာ လူသားများ ကိုယ်ကျင့်တရားပျက်ပြားလာပြီး လောဘ၊ ဒေါသ၊ မောဟစိတ်များ လွှမ်းမိုးလာမှုကြောင့်ဟုဆိုသည်။ လူသားများ၏လိုအပ်ချက်များ များပြားလာပြီး ထိုလိုအပ်ချက်များကို ဖြည့်ဆည်း၍မဆုံးနိုင်ဖြစ်ကြမည်။ လိုအပ်ချက်များလေ လောဘကြီးလေဖြစ်သည်။ လောကကြီးတွင် လူအများစုသည် လိုသည်ထက်ပိုပြီး ရှိအောင်ကြိုးစားနေကြသည်။ ဒါတွေသည် လောဘစိတ်ဖြစ်သည်။ လောဘနောက်က ဒေါသစိတ်လိုက်လာတတ်သည်။ သံသရာမှာ လောဘ၊ ဒေါသ၊ မောဟတွေများနေလျှင် ကပ်ဆိုးဘေးဆိုးများ ကြုံတွေ့ရမှာပဲဟု မြတ်စွာဘုရားဟောကြားထားသည်။ လောဘသည် အတောသတ်သည်မရှိ၊ တမြည့်မြည့်လောင်ကျွမ်းနေသောမီးနှင့်တူသည်။ ဒေါသမီးကတော့ ဖြစ်တုန်းခဏပဲဖြစ်သည်။ ထို့ကြောင့် လောဘ၊ ဒေါသ၊ မောဟစိတ်များ လူများအပေါ် လွှမ်းမိုးလာလျှင် အမုန်းစိတ်များ များပြားလာပြီး ပြင်းထန်သည့်အမုန်းစိတ်များကြောင့် ကမ္ဘာကြီးပျက်စီးသည်အထိ ဖြစ်နိုင်သည်ဟု ဟောထားသည်လည်းရှိသည်။

**ပစ္စုပ္ပန်ဘဝ၊ နောင်ဘဝနှစ်ခုလုံးအကျိုးကို ဖျက်ဆီး**

သုတ္တန်တစ်ခုတွင်မူ မြတ်စွာဘုရားက ထိုသို့သော ကပ်ဆိုး၊ ဘေးဆိုးများသည် လူမိုက်များကြောင့်ဖြစ်ရသည်ဟု ဟောထားသည်ကို တွေ့ရသည်။ လူမိုက်ဆိုသည်မှာ မလိမ္မာသောသူ၊ ဆိုးသွမ်းသောသူဟုနားလည်ထားကြသည်။ အမှန်မှာ လိမ္မာသော်လည်း အသိဉာဏ်ဆင်ခြင်တုံကင်းမဲ့သောသူ၊ မသိတတ်သောသူတို့ကို ရည်ညွှန်းသည်။ **အကြောင်းအကျိုး၊ အကောင်းအဆိုးကို ဝေဖန်ပိုင်းခြားနိုင်ခြင်းမရှိသည့် နလပိန်းတုံးကို လူမိုက်ဟုဆိုသည်။ ဗာလဟုလည်းခေါ်သည်။ ဗာဆိုသည်မှာ နှစ်ဂဏန်းဖြစ်ပြီး လဆိုသည်မှာ ပျက်စီးခြင်းဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် ဗာလဆိုသည်မှာ အကျိုးနှစ်မျိုးကို ဖျက်ဆီးသည့်သူဟုဆိုလိုသည်။ ပစ္စုပ္ပန်ဘဝ၊ နောင်ဘဝနှစ်ခုလုံးအကျိုးကို ဖျက်ဆီးသည့်သူ၊ ပစ္စုပ္ပန်ဘဝ၊ နောင်ဘဝနှစ်ခုလုံး အတွက် အကျိုးမဲ့နှစ်မျိုးယူတတ်သူဟု အဓိပ္ပာယ်ရသည်။**

**ယနေ့ခေတ်တွင် အတုပြုရောင်းချနေမှုများ တွေ့နေ**

တစ်နည်းအားဖြင့် နှာခေါင်းမှ အသက်ရှူရုံသာ ရှူနေပြီး အသက်ရှင်နေသူ၊ အသိဉာဏ်မရှိသောသူကို ဗာလဟုခေါ်သည်။ ထင်ရာလုပ်ပြီး အများကို ဒုက္ခပေးသည့်သူဖြစ်သည်။ ယနေ့ခေတ်တွင်လည်း လူသားများ၏ လောဘလွန်ကဲမှု၊ ကိုယ်ကျင့်တရားပျက်စီးမှုတို့ကြောင့် ဆေးဝါးများ၊ အစားအစာများကိုပင် အတုပြုလုပ်၍ လိမ်လည်ရောင်းချနေမှုများ တွေ့နေရသည်။ အသားငါးများ၊ အသီးအရွက်များကို ဓာတုဆေးဝါးများ အသုံးပြု၍ရောင်းချနေကြသည်။ ဆေးမသုံးသောအစားအစာပင် ရှားပါးနေပြီဟုလည်း ဆိုကြသည်။ ထိုအစားအစာ၊ ဆေးဝါးများကို စားသုံးမိပါက အာဟာရဖြစ်ရမည့်အစား ကျန်းမာရေးအတွက်ပင် ထိခိုက်အန္တရာယ်ဖြစ်နိုင်သည်။ ထို့ကြောင့်လည်း လူမိုက်မိတ်ဆွေများကို မပေါင်းသင့်ဘဲ ပညာရှိရန်သူကို ပေါင်းသည်ကမှ အကျိုးရှိနိုင်သည်ဟု ဆိုကြသည်။

သံသရာထဲတွင် ဘဝတစ်ခုရရှိထားသည့် ပုဂ္ဂိုလ်သည် ခေတ်ကာလအလိုက် ဘေးဆိုး၊ ရန်ဆိုး ကပ်မျိုးများ ရံဖန်ရံခါ ကြုံတွေ့ရတတ်သည်။ ထိုသို့တွေ့ကြုံရသည့်အခါ ကံမကောင်း အကြောင်းမလှ၍ဟု ပြော၍မရတော့ဘဲ သံသရာဝဋ်ဆင်းရဲထဲမှာ သတ္တဝါတစ်ဦးဖြစ်ရခြင်း၏အပြစ်ဟု ဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကပ်ဆိုး၊ ဘေးဆိုးသည် တစ်ဦးတစ်ယောက်တည်းကိုသာမဟုတ်၊ ကမ္ဘာပေါ်ရှိ နေရာဒေသမရွေး လူအများစုအပေါ် ဖြစ်နိုင်သောကြောင့်ဖြစ်သည်။ သံသရာသည် ဒီလောက်ရှည်ကြာနေသည့်အတွက် အကုသိုလ်နှင့်ကင်းသည့်ပုဂ္ဂိုလ်မရှိနိုင်ဟုဆိုသည်။ အကုသိုလ်ဆိုသည်မှာလည်း အခွင့်အရေးရသည်နှင့် အကျိုးပေးတတ်သည့်သဘောရှိသည်။

**ကပ်ဆိုး၊ ဘေးဆိုးသည် ဒေသမရွေးဖြစ်ပေါ်နိုင်**

ကပ်ဆိုး၊ ဘေးဆိုးသည် ယခုခေတ်ကာလမှသာ ကြုံတွေ့ရသည်မဟုတ်ဘဲ မြတ်စွာဘုရားရှင်သက်တော်ထင်ရှားရှိစဉ်ကာလကတည်းက ရှိခဲ့သည်ဟု မှတ်သားရသည်။ ကပ်ဆိုး၊ ဘေးဆိုးသည် လူတစ်ဦးချင်းအတွက်သာမဟုတ်ဘဲ လူအများစုတွေ့ကြုံခံစားရပြီး ဒေသမရွေးဖြစ်ပေါ်နိုင်သည်။ အမြဲတမ်းမဟုတ်ဘဲ အချိန်အတိုင်းအတာကာလတစ်ခုအထိ ဖြစ်ပေါ်နိုင်သည်။ လက်ရှိကာလတွင် မျက်မြင်တွေ့ကြုံရမှုအနေအထားအရ နည်းပညာနှင့် ပေါင်းစပ်စူးစမ်းလေ့လာပြီး ကပ်ဆိုး၊ ဘေးဆိုးမှ လွတ်မြောက်ကျော်လွှားရန် ဆောင်ရွက်လျက်ရှိကြသည်။ အတိုင်းအတာတစ်ခုအထိ တားဆီးထိန်းသိမ်းနိုင်ပြီဟု ဆိုရပါမည်။

ဗုဒ္ဓဘာသာဝင်တို့အနေဖြင့် ဗုဒ္ဓမြတ်စွာဘုရား၏ **အဆုံးအမအတိုင်း လိုက်နာကျင့်ကြံနေထိုင်ခြင်းဖြင့်လည်း တစ်ဖက်တစ်လမ်းမှ ကပ်ဆိုး၊ ဘေးဆိုး အန္တရာယ်ကို ကာကွယ်တားဆီးကျော်လွှားနိုင်မည်**ဟု ယုံကြည်ပါသည်။ **မြတ်စွာဘုရားသည် လူသားတို့၏ လက်ရှိဘဝအကျိုး၊ တမလွန်ဘဝအကျိုး၊ နိဗ္ဗာန်ရရှိစေရေးအကျိုးတို့အတွက် တရားတော်များဟောကြား၍ သွန်သင်ဆုံးမပေးထားသည်။ အခြေအနေကောင်းများ လမ်းဖွင့်ပေးထားသည်။ ကောင်းကျိုးတရားရရှိစေရန် လုပ်ဆောင်ရမည့်နည်းလမ်း၊ ရှောင်ကြဉ်ရမည့်နည်းလမ်းများကို ဟောပြောဆုံးမထားသည်။ လူသားတို့အနေဖြင့် တစ်ဦးချင်းကိုယ်စီ ကိုယ်တိုင်ကြိုးစားလိုက်နာကျင့်ကြံမှသာ ကောင်းကျိုးရရှိနိုင်မည်ဖြစ်သည်။**

ဗုဒ္ဓမြတ်စွာဘုရားက ယခုလို ကပ်ဆိုး၊ ဘေးဆိုးများကို ယာယီဖြေရှင်းနိုင်ရန်မှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားများ ပွားများရမည်။ လောဘ၊ ဒေါသ၊ မောဟ စသည့်စိတ်များ ကင်းဝေးအောင် စောင့်ထိန်းရမည်။ ကိုယ်ကျင့်သီလ၊ ကိုယ်ကျင့်တရားများ ကောင်းမွန်အောင် ကျင့်ကြံနေထိုင်ရမည်။ မြင့်မြတ်သောသီလကျင့်စဉ်၊ သမာဓိကျင့်စဉ်၊ ပညာကျင့်စဉ်တို့ကို ပွားများအားထုတ်ကြရန် တိုက်တွန်းထားသည်။ သင်္ခါရသဘောတရားအရ မည်သည့်အရာမှမမြဲသည်ကို သတိမူပြီး မဂ္ဂင်ရှစ်ပါးအကျင့်ကို ကျင့်ကြံအားထုတ်ရန် ဟောကြားထားပါသည်။ လူသားများအနေဖြင့် ကိုယ်စီကိုယ်ကျင့်သီလ၊ ကိုယ်ကျင့်တရားများ ကောင်းမွန်လာပြီး လောဘ၊ ဒေါသ၊ မောဟများ လျော့ပါးကင်းစင်လာပါက လူသားတို့၏သက်တမ်းသည်ပင် ငြိမ်းငွေ့စရာကောင်းလောက်အောင် ရှည်လာမည်ဟု ဟောကြားထားသည်ကိုလည်း ကြားနာရပါသည်။

ထို့ကြောင့် လောကလူသားအပေါင်းတို့သည် မြတ်ဗုဒ္ဓ၏အဆုံးအမအတိုင်း ကိုယ်ကျင့်သီလကောင်းအောင် ဆောက်တည်ကာ လောဘ၊ ဒေါသ၊ မောဟများ လျော့နည်းပြီး မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားများ ပွားများတိုးတက်အောင် ကျင့်ကြံအားထုတ်ခြင်းဖြင့် ကပ်ဆိုး၊ ဘေးဆိုး ရန်များကို ကျော်လွှားနိုင်ကာ တည်ငြိမ်အေးချမ်းသာယာသော လောကဖြစ်အောင် တည်ဆောက်နိုင်ကြမည်ဖြစ်သည်။ ။

**{ပါမောက္ခချုပ်ဆရာတော်ဘုရားကြီး အရှင်နန္ဒမာလာဘိဝံသ (Ph.D) ၏ ကပ်ကြီးသုံးပါး ကျော်လွှားရေးတရားတော်အား မှီငြမ်းကိုးကားရေးသားခြင်းဖြစ်ပါသည်။}**

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၄**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် သံတွဲမြို့၌ရောက်ရှိနေသော ဗိုလ်ချုပ်စိုးနိုင်ဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ငပလီမြို့ရှိ ပုလဲရတနာ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုလန္ဒာစာရအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဘုန်းတော်ကြီးကျောင်းနှင့်





အဆိုပါကျောင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတို့မှ ကျောင်းသား ကျောင်းသူများအတွက် ဆန်၊ ဆီ၊ စားသောက်ကုန်ပစ္စည်းများနှင့် ရေသန့်ကတ်များ ဆက်ကပ်လှူဒါန်းကာ ကျောင်းသားကျောင်းသူများ ပညာသင်ကြားနေမှုတို့ကို ကြည့်ရှု၍ အားပေးစကားပြောကြားသည်။ **(အပေါ်ပုံ)**

အလားတူ ကျောက်တော်မြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် အောင်သူဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကျောက်တော်ရပ်ကွက် လူမှုဝန်ထမ်းရုံး အနောက်ဘက်ကမ်းနား၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ သတ်မှတ်နေရာများတွင် စုပေါင်းသစ်ပင်စိုက်ပျိုးပေးခဲ့ကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)**

**သတင်းစဉ်**

## မြန်မာကျောင်းသားလူငယ်အဖွဲ့ ဂျပန်နိုင်ငံ ဖူကူအိုကာ နွေရာသီစခန်းချပွဲသို့ တက်ရောက်ရန်ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၁၄**

ဂျပန်နိုင်ငံ ဖူကူအိုကာ (Fukuoka) မြို့တွင် ၂၀၂၃ ဇူလိုင် ၁၅ ရက်မှ ၂၅ ရက်အထိ Asia Pacific Children Convention (APCC) က ကြီးမှူးကျင်းပပြုလုပ်မည့် "၂၀၂၃ အပြည်ပြည်ဆိုင်ရာ လူငယ်များ နွေရာသီစခန်းချပွဲနှင့် ယဉ်ကျေးမှုဖလှယ်ပွဲ (BRIDGE Summer Camp – 2023) သို့ ပါဝင် တက်ရောက်ရန်အတွက် မြန်မာ-ဂျပန်အသင်း (MJA) မှ ဦးစီး ရွေးချယ်စေလွှတ်သည့် Junior Ambassador ကျောင်းသား ကျောင်းသူ လေးဦး အပါအဝင် ကျောင်းသားလူငယ်ခြောက်ဦးသည် မြန်မာ – ဂျပန် အသင်းအတွင်းရေးမှူးက အုပ်ချုပ်သူအဖြစ် ဦးဆောင်လိုက်ပါပြီး ဇူလိုင် ၁၄ ရက် ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ဂျပန်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

မြန်မာကျောင်းသား လူငယ်အဖွဲ့သည် အာရှပစိဖိတ်ဒေသ ၄၁ နိုင်ငံမှ ကျောင်းသားလူငယ်များနှင့်အတူ စခန်းချပွဲနှင့် ယဉ်ကျေးမှုပွဲတော်သို့ ပါဝင်တက်ရောက်မည်ဖြစ်ပြီး ဂျပန်မိသားစုများ နေအိမ်တွင်လည်း Home Stay အဖြစ် နေထိုင်ကြမည်ဖြစ်သည်။

ယဉ်ကျေးမှုပွဲတော် အခမ်းအနားကို ဖူကူအိုကာမြို့တွင် ဇူလိုင် ၂၁ ရက် (သောကြာနေ့) ဒေသစံတော်ချိန် ၁၄:၃၀ နာရီ (မြန်မာစံတော်ချိန် ၁၂:၀၀ နာရီ) တွင် ကျင်းပမည်ပြီး YouTube မှ တိုက်ရိုက်ထုတ်လွှင့် (Live) မည်ဖြစ်ရာ မြန်မာလူငယ်အဖွဲ့သည် အမှတ်စဉ်(၁၁) အဖြစ် မြန်မာစံတော်ချိန် ၁၃:၁၀ နာရီတွင် ဖျော်ဖြေ ကပြရမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## ဘားအံမြို့၌ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**ဘားအံ ဇူလိုင် ၁၄**

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၆)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဘားအံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာ ဦးစီးဌာန၊ ကရင်ပြည်နယ် စာကြည့်တိုက်များ ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက ဘားအံမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မြသံလွင်ကျောင်းခန်းမ**(အောက်ပုံ)** နှင့် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာကျောင်း ခန်းမတို့တွင် ကျင်းပရာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၇၅၀ တက်ရောက်သည်။

ဆက်လက်၍ ဘားအံမြို့နယ် ပညာရေးမှူးရုံးမှ မြို့နယ်ပညာရေးမှူး ဒေါ်နန်းရီရီသန်းက အမှာစကားပြောကြားပြီး ဘားအံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးအေးက (၇၆)နှစ်မြောက် အာဇာနည်နေ့ အကြိုအထိမ်းအမှတ်အဖြစ် အာဇာနည်နေ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်း ဟောပြောရာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ ပြန်လည်မေးမြန်းကြသည်။

အဆိုပါ (၇၆)နှစ်မြောက် အာဇာနည်နေ့အကြို အထိမ်းအမှတ်အဖြစ် အသိပညာပေး ဟောပြောပွဲများ၊ စကားဝိုင်းများ၊ စာစီစာကုံးပြိုင်ပွဲများ၊ ဆောင်းပါးပြိုင်ပွဲများ၊ ကဗျာပြိုင်ပွဲများကို ဘားအံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျင်းပသွားမည်ဖြစ်ကြောင်း ဘားအံမြို့နယ် ပညာရေးမှူးရုံးမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**





## ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ဘူးသီးတောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇူလိုင် ၁၄**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံနှင့် ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမရှေ့၌ ဆန်၊ ဆီ၊ ဆား၊ အသား/ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင် ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ၄၃ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ဟောလိဝုဒ်မှ သရုပ်ဆောင်များ သပိတ်မှောက်မည်

**လော့စ်အိန်ဂျလိစ် ဇူလိုင် ၁၄**

ဟောလိဝုဒ်သရုပ်ဆောင်များသမဂ္ဂသည် နှစ်ပေါင်း ၄၃ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် သပိတ်မှောက်သွားရန် ဇူလိုင် ၁၃ ရက်က ဆုံးဖြတ်ခဲ့သည်။

၎င်းတို့သည် လုပ်အားခလစာတိုးမြှင့်ပေးရန်နှင့် ဉာဏ်ရည်တုနည်းပညာ (အေအိုင်) စနစ် အသုံးပြုမှုကိုထိန်းချုပ်ရန် တောင်းဆိုနေကြသည်။ ၎င်းတို့၏ဆန္ဒပြမှုကို သန်းခေါင်ယံအချိန်တွင်စတင်မည်ဟု ဇူလိုင် ၁၃ ရက်က လော့စ်အိန်ဂျလိစ်မြို့၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။ သရုပ်ဆောင်များသည် ၎င်းတို့ပါဝင်သရုပ်ဆောင်ထားသည့် ဇာတ်ကားများ ထုတ်လွှင့်သည့်အခါ လုပ်အားခတိုးမြှင့်ပေးရန် တောင်းဆိုကြသည်။ အေအိုင်နည်းပညာများ တိုးတက်လာသည့် အပေါ်တွင်လည်း အကာအကွယ်အစီအမံများ ပြုလုပ်ပေးရန် တောင်းဆိုကြသည်။ အဆိုပါသမဂ္ဂတွင် ရုပ်ရှင်နှင့် ရုပ်သံမှ သရုပ်ဆောင်ပေါင်း ၆၅၀၀၀ ပါဝင်သည်ဟု သိရသည်။ ဇာတ်ညွှန်းရေးဆရာသမဂ္ဂမှ လူပေါင်း ၁၁၀၀၀ ကျော်ပါဝင်သည့် သပိတ်မှောက်မှုတွင်လည်း သရုပ်ဆောင်များ ပူးပေါင်းပါဝင်သွားမည်ဟု သိရသည်။ ဇာတ်ညွှန်းရေးဆရာများသည် မေလအတွင်းက သပိတ်မှောက်ခဲ့ကြသည်။ ၎င်းတို့တောင်းဆိုသည့် အကြောင်းအရာမှာ အတူတူပင်ဖြစ်သည်။ ရုပ်ရှင်နှင့် ဇာတ်လမ်းတွဲများ ထုတ်လုပ်မှုမှာ နှောင့်နှေးမှုများနှင့် ဖျက်သိမ်းမှုများနှင့် ရင်ဆိုင်ရဖွယ်ရှိသည်ဟု သိရသည်။

**အင်အိတ်ချ်ကေ**




လော့စ်အိန်ဂျလိစ်မြို့ ပါရာမောင့် ရုပ်ရှင်စတူဒီယိုအပြင်ဘက်တွင် ဇာတ်ညွှန်းရေးဆရာများ သပိတ်မှောက်နေကြသည်ကို တွေ့ရစဉ်။

# တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချုံချင့်တွင် မိုးသက်မုန်တိုင်းကြောင့် လူပေါင်း ၂၆၀၀ ကျော်ကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးခဲ့ရ

**ချုံချင့် ဇူလိုင် ၁၄**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ ချုံချင့်မြို့တွင် မိုးသက်မုန်တိုင်းကြောင့် ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင် လမ်းများနှင့် နေအိမ်များ ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ရာ လူပေါင်း ၂၆၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

ဇူလိုင် ၁၃ ရက်မှစတင်ကာ ချုံချင့်မြို့ကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်ပေါင်း ၂၈ ခုတွင် မိုးရွာသွန်းမှုစတင်ခဲ့ပြီး ဝမ်ကျိုခရိုင်တွင် မိုးရေချိန် ၂၂၇ မီလီမီတာအထိ စံချိန်တင် ရွာသွန်းခဲ့သည်ဟု ဒေသခံမိုးလေဝသဌာနက ကြေညာခဲ့သည်။ ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင် ဝမ်ကျို့၌ လူများဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန် ကယ်ဆယ်ရေးလုပ်ငန်းများကို စတင်လုပ်ဆောင်ခဲ့သည်။ ယခုအချိန်အထိ လူသေဆုံးပျောက်ရှမှုမရှိဟု သိရသည်။ သဘာဝဘေး၏နောက်ဆက်တွဲဆိုးကျိုးများဖြစ်သော မြေပြိုခြင်းနှင့် မြစ်ရေလျှံခြင်းတို့ကို ဂရုပြုကြရန်လည်း ချုံချင့်မြို့ရှိ မိုးလေဝသဌာနက သတိပေးခဲ့သည်။ **ဆင်ဟွာ**



# အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်၌ မိုးကြိုးပစ်မှုကြောင့် ၁၀ ဦးသေဆုံး

**နယူးဒေလီ ဇူလိုင် ၁၄**

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်၌ မိုးကြိုးပစ်မှုကြောင့် ၁၀ ထက်မနည်း သေဆုံးကြောင်း အာဏာပိုင်များက ဇူလိုင် ၁၄ ရက်တွင် ပြောကြားသည်။

ဇူလိုင် ၁၃ ရက်က ဘီဟာပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် မိုးကြိုးပစ်ခြင်းတို့ ဖြစ်ပွားခဲ့သည်။ သေဆုံးသူအများစုမှာ မိုးကြိုးပစ်မှုဖြစ်ပွားချိန်တွင် လယ်ကွင်းထဲ၌ အလုပ်လုပ်နေသည့် လယ်သမားများဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ပြီးခဲ့သည့်သီတင်းပတ်ကလည်း ဘီဟာပြည်နယ်အတွင်း မိုးကြိုးပစ်ခြင်းနှင့် မိုးရွာသွန်းမှုနှင့် ဆက်စပ်သည့်ဖြစ်စဉ်များကြောင့် ၁၂ ဦးသေဆုံးပြီး အခြားအများအပြား ထိခိုက်ဒဏ်ရာရရှိကြောင်း သိရသည်။ နှစ်စဉ်အိန္ဒိယနိုင်ငံ၌ မုတ်သုံရာသီစတင်ချိန်တွင် မိုးကြိုးပစ်မှုကြောင့် လူပေါင်းရာနှင့်ချီ သေဆုံးကြောင်း သိရသည်။ ၂၀၂၂ ခုနှစ်က အိန္ဒိယနိုင်ငံတစ်ဝန်း မိုးကြိုးပစ်မှုကြောင့် လူ ၉၀၇ ဦး သေဆုံးကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြထားသည်။

**ဆင်ဟွာ**



# ဂျပန်နိုင်ငံ၌ တုပ်ကွေးလူနာအရေအတွက် ရက်သတ္တပတ်အတွင်း မြင့်တက်

**တိုကျို ဇူလိုင် ၁၄**

ဇူလိုင် ၉ ရက်အထိ ခုနစ်ရက်တာ ကာလအတွင်း ဂျပန်နိုင်ငံ ဆေးရုံတစ်ခုချင်းစီ ၏ တုပ်ကွေးလူနာ ပျမ်းမျှအရေအတွက်သည် ဆေးရုံတစ်ခုလျှင် ရှိရမည့်သတ်မှတ်ဦးရေ ၁ ဒသမ ၀ ထက် ကျော်လွန်နေဆဲဖြစ်သောကြောင့် ၎င်းတုပ်ကွေးရောဂါကို ကူးစက်မြန်ရောဂါအဖြစ် အစိုးရအချက်အလက်များ၌ ဇူလိုင် ၁၄ ရက်က ဖော်ပြခဲ့သည်။



နိုင်ငံတစ်ဝန်း စောင့်ကြည့်လျက်ရှိသော ဆေးရုံ ၅၀၀၀ ၏ တုပ်ကွေးလူနာ ပျမ်းမျှအရေအတွက်သည် ၁ ဒသမ ၆၆ အထိရှိခဲ့ပြီး ယခင်သီတင်းပတ်ကထက် ၀ ဒသမ ၄ များလာခဲ့သည်။

၁၉၉၉ ခုနှစ်ကတည်းက လက်ရှိအချိန်အထိ ကျင့်သုံးလျက် ရှိသော လူနာရေတွက်နည်းလမ်းကို ကျင့်သုံးခဲ့ချိန်မှစကာ တုပ်ကွေးလူနာအရေအတွက် ကိန်းဂဏန်းသည် ဇူလိုင်လတွင် သတ်မှတ်ချက်ထက် လျော့နည်းသွားသည်ဟူ၍ မရှိပေ။

ခရိုင်တစ်ခုချင်းအလိုက် ဆေးရုံတစ်ခုချင်း၏ တုပ်ကွေးလူနာအရေအတွက်သည် ကာဂိုရှီးမားခရိုင်တွင် အမြင့်ဆုံးဖြစ်ကာ ၂၇ ဒသမ ၃၁ အထိရှိခဲ့သည်။ ထို့နောက် နာဂါဆာကီတွင် ၉ ဒသမ ၁၃ နှင့် မီယာဇာကီတွင် ၈ ဒသမ ၈၃ ရှိခဲ့သည်။ **ဆင်ဟွာ**

# ဘရာဇီးနိုင်ငံတောင်ပိုင်း၌ အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းကြောင့် တစ်ဦးသေဆုံးပြီး ၂၄ ဦး ဒဏ်ရာရ

**ဆော်ပေါ်လို ဇူလိုင် ၁၄**

ဘရာဇီးနိုင်ငံတောင်ပိုင်းသို့ အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့သည့်အတွက် တစ်ဦးသေဆုံးပြီး ၂၄ ဦး ဒဏ်ရာရရှိခဲ့သည်။ လူပေါင်း ၇၉၀၀၀၀ မှာလည်း လျှပ်စစ်မီးပြတ်တောက်မှုနှင့် ကြုံတွေ့ခဲ့ရသည်ဟု ဇူလိုင် ၁၃ ရက်တွင် ဒေသခံအာဏာပိုင်များက ပြောသည်။ ဇူလိုင် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဆိုင်ကလုန်းမုန်တိုင်းကြောင့် ရေကြီးမှုဖြစ်ပေါ်ပြီး ရီယိုဂရန်ဒီဒိုဆူလ်နှင့် အာဂျင်တီးနားနှင့် ဥရုဂွေးနယ်စပ်ရှိ ဆန်တာကက်တရီနား ပြည်နယ်တို့တွင် ပျက်စီးဆုံးရှုံးမှုများပြားခဲ့သည်။ ရီယိုဂရန်ဒီမှ တစ်ဦးသေဆုံးခဲ့ပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်သစ်ပင်ပိကာ သေဆုံးခဲ့ရခြင်းဖြစ်သည်ဟု ဒေသခံအစိုးရက ပြောသည်။ ဘရာဇီးနိုင်ငံတောင်ပိုင်း ဒေသများတွင် အနီရောင်အဆင့် သတ်မှတ်ထားသည်ဟု အမျိုးသားမိုးလေဝသအင်စတီကျူက ကြေညာခဲ့သည်။ ပြည်သူ့ကာကွယ်ရေးနှင့် မြူနီစီပယ်မှ ဝန်ထမ်းများသည် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် အားကစားရုံများနှင့် စာသင်ကျောင်းများကို ခိုလှုံရာနေရာအဖြစ် ပြင်ဆင်ထားကြသည်။ **ဆင်ဟွာ**

# တောင်ကိုရီးယားနိုင်ငံ၌ မြေပြိုကျမှုဖြစ်ပွားပြီးနောက် နှလုံးရပ်သူနှစ်ဦးကို တွေ့ရှိ

**ဆိုးလ် ဇူလိုင် ၁၄**

မိုးသည်းထန်စွာရွာသွန်းမည်ဟု သတိပေးထုတ်ပြန်ထားသည့် တောင်ကိုရီးယားနိုင်ငံ အလယ်ပိုင်းတွင် မြေပြိုကျမှုဖြစ်ပွားပြီးနောက် နှလုံးရပ်သွားသည့် လူနှစ်ဦးကိုတွေ့ရှိကြောင်း ယွန်ဟပ်သတင်းအေဂျင်စီက ဇူလိုင် ၁၄ ရက်တွင် ထုတ်ပြန်ထားသည်။

ဒေသစံတော်ချိန် ညနေ ၄ နာရီ ၀၂ မိနစ်ခန့်တွင် ဆိုးလ်မြို့တောင်ဘက် ၂၁၀ ကီလိုမီတာခန့်အကွာ နွန်းဆန်မြို့ရှိ ထူးဆန်းသည့်အိမ်သို့ လာရောက်လည်ပတ်သည့် လူလေးဦးမှာ မြေပြိုမှုဖြစ်ပွားခြင်းကြောင့် မြေအောက်နစ်မြုပ်သွားခဲ့သဖြင့် ကယ်ဆယ်ခဲ့ရကြောင်း သိရသည်။

အသက် ၆၀ နှင့် ၇၀ ဟု ခန့်မှန်းရသည့် လူနှစ်ဦးမှာ နှလုံးရပ်သွားသဖြင့် အနီးနားရှိဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ တစ်ဦးမှာ စိုးရိမ်ရသည့် အခြေအနေတွင်ရှိနေကြောင်း သိရသည်။ ရဲတပ်ဖွဲ့နှင့် မီးသတ်အာဏာပိုင်များက မတော်တဆမှု ဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

**ဆင်ဟွာ**

# စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော်ကြီး ပုညရှင်သာသနာ့ဗိမာန်တည်ဆောက်နိုင်ရေးအလှူတော်ငွေပေးအပ်ပွဲကျင်းပ

**မုံရွာ ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော်ကြီး၌ ပုညရှင်သာသနာ့ဗိမာန် တည်ဆောက်နိုင်ရေးအတွက် ပဋ္ဌမအကြိမ် အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၃ ရက် နံနက်ပိုင်းတွင် အဆိုပါ စေတီတော်ကြီး အရှေ့ဘက် အာရုံခံတန်ဆောင်း လက်ပွားဘုရားဓမ္မာရုံအတွင်း ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုး၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး စစ်ကိုင်းတောင်ရိုး နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာဘဒ္ဒန္တအရှင်ဉာဏိဿရ ဆရာတော်ကြီးထံ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော်ကြီးများထံ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(ယာပုံ)**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး စစ်ကိုင်းမြို့ စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဒေါ်ညိုညိုဆွေက ပုညရှင်သာသနာ့ဗိမာန် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပါဝါပွိုင့်ဖြင့် ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် သီတဂူဆရာတော်ကြီးနှင့် ပင့်သံဃာ ဆရာတော်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက စစ်ကိုင်းမြို့ ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး အနောက်ဘက်ရင်ပြင်တော်ပေါ်တွင် အလျား ၁၄၉ ပေ၊ အနံ ၆၃ ပေ၊ အမြင့် ၅၄ ပေ တိုးချဲ့တည်ဆောက်ပြီး ၎င်းအပေါ်၌ အလျား ၁၂၆ ပေ၊ အနံ ၅၄ ပေ၊ အမြင့် ၁၈ ပေရှိ ပုညရှင်သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

# နည်းပညာတက္ကသိုလ်(ဘားအံ) ဘာသာရပ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**ဘားအံ ဇူလိုင် ၁၄**

ရပ်ကွက်/ကျေးရွာနှင့်တိုက်နယ်များမှ ပြည်နယ်နှင့် နိုင်ငံဂုဏ်ဆောင်နိုင်မည့် ရွက်ပုန်းသီးအားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ကျင်းပသော နည်းပညာတက္ကသိုလ်(ဘားအံ) ဘာသာရပ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၃ ရက်က ဘားအံ နည်းပညာတက္ကသိုလ် မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ နှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။



အဆိုပါ ဘာသာရပ်ပေါင်းစုံ အားကစားပြိုင်ပွဲသို့ မြို့ပြအင်ဂျင်နီယာ၊ အီလက်ထရွန်နစ် အင်ဂျင်နီယာ၊ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာ၊ စက်မှုအင်ဂျင်နီယာ အစရှိသော ဘာသာရပ်လေးခုမှ စစ်တုရင်၊ စားပွဲတင်တင်းနစ်၊ ဘော်လီဘော၊ ကြက်တောင်ရိုက်၊ ပိုက်ကျော်ခြင်း အားကစားနည်းတို့တွင် ကျောင်းသား ကျောင်းသူ အားကစားသမား ၁၇၆ ဦးက ဇူလိုင် ၅ ရက်မှ ၁၃ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အီလက်ထရွန်နစ်အင်ဂျင်နီယာ အသင်းနှင့် စက်မှုအင်ဂျင်နီယာ အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးပြီး အဆိုပါပွဲစဉ်တွင် အီလက်ထရွန်နစ် အင်ဂျင်နီယာ အသင်းက နှစ်ပွဲပြတ်ဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးများနှင့်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်တို့က မေဂျာပေါင်းစုံ စစ်တုရင်ပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ကြက်တောင်ရိုက်ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲတို့တွင် ဆုရရှိကြသူများအား တစ်ဦးချင်း ဆုတံဆိပ်နှင့်ဆုဖလားများကို ပေးအပ်ချီးမြှင့်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က မေဂျာပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမဆုရရှိသော အီလက်ထရွန်နစ် အင်ဂျင်နီယာအသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ညောင်ရွှေမြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

**ညောင်ရွှေ ဇူလိုင် ၁၄**

အခြေခံပညာ ကျောင်းသားလူငယ်များ စကားပြောစွမ်းရည်မြင့်မားလာစေရန်၊ လူထုပရိသတ်ရှေ့မှောက် ပြောဆိုဆွေးနွေးတတ်စေရန်၊ တိုင်ပင်ဆွေးနွေးခြင်း အလေ့အထကောင်းများ ရရှိလာစေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဇူလိုင် ၁၃ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် ခေါင်တိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ခေါင်တိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးနေမျိုးသူရိန်က လူငယ်စကားဝိုင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ ကျောင်းသားကျောင်းသူများက လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ်နှင့်ကိုယ်ကျင့်တရား၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့်စည်းကမ်း ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **စိုင်းအယ်ဘဲ**



# ဖျာပုံမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၂၂၉ ဦးအား ဆုချီးမြှင့်

**ဖျာပုံ ဇူလိုင် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၄ ရက်က အထက-၂ ကျောင်း ရတနာခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်လင်းနှင့် ခရိုင်ပညာရေးမှူး ဒေါ်အေးမြင့်တို့က အမှာစကားပြောကြားကြပြီး ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင်ဒုတိယဗိုလ်မှူးကြီး နိုင်လင်း၊ ခရိုင်ပညာရေးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်ထားမောင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။ ဖျာပုံမြို့နယ်၌ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူး နှစ်ဦး၊ လေးဘာသာဂုဏ်ထူး ခြောက်ဦး၊ သုံးဘာသာဂုဏ်ထူး ၂၉ ဦး၊ နှစ်ဘာသာ ဂုဏ်ထူး ၅၂ ဦး၊ တစ်ဘာသာဂုဏ်ထူး ၁၄၀ စုစုပေါင်း ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၂၂၉ ဦး ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❊ *ကျောဖုံးမှ*

ရန်ကုန်ဇုန်လူရွေးပွဲကို ဒေသအသီးသီးမှ လူငယ်ကစားသမား ၁၅၀ ကျော် လာရောက်ရွေးချယ်ခံခဲ့ပြီး အသင်းခြောက်သင်းခွဲကာ လူရွေးပွဲများ ယှဉ်ပြိုင်ကစားစေခြင်းဖြစ်သည်။ လူရွေးပွဲကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် နှစ်နေရာခွဲ၍ ကျင်းပမည်ဖြစ်ပြီး မန္တလေးဇုန် လူရွေးပွဲကို ဇူလိုင် ၁၆၊ ၁၇ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ရန်ကုန်ဇုန်နှင့် မန္တလေးဇုန် လူရွေးပွဲအပြီးတွင် U12 Junior Soccer World Challenge 2023 ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၂ လူငယ်လက်ရွေးစင်အတွက် အပြီးသတ်ကစားသမားများ ရွေးချယ်သွားမည်ဖြစ်သည်။ U12 Junior Soccer World Challenge 2023 ပြိုင်ပွဲတွင် ဥရောပကလပ်များဖြစ်သည့် ဘာစီလိုနာလူငယ်၊ ဂျူဗင်တပ်လူငယ်၊ ဘိုင်ယန်မြူးနစ်လူငယ်၊ ဂျေလိဂ်လူငယ်ကလပ်များ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အာဆီယံဒေသတွင် လက်ရှိအချိန်အထိ မြန်မာယူ-၁၂ အသင်းသာ ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းသွင်းခံထားရပြီး မကြာမီ ပြိုင်ပွဲဝင် အသင်း ၃၂ သင်းစာရင်းအား ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုညီလေး ၊ ဓာတ်ပုံ-သော်လေး**

❖ *ကျောဖုံးမှ*

ထွက်ခွာမည်ဖြစ်ပြီး လာမည့် အင်္ဂါနေ့တွင် ပရီမီယာ လိဂ်ကလပ် ဝက်စ်ဟမ်းအသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

စပါးအသင်းနှင့် ဟယ်ရီကိန်းတို့ ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ တစ်နှစ်ကျန်ရှိနေသေးသည်။ ကိန်းသည် ပြီးခဲ့သည့်ရာသီတွင် စပါးအသင်းအတွက် လိဂ် ၃၈ ပွဲတွင် ဂိုး ၃၀ သွင်း ယူပေးထားနိုင်သည်။ ဘိုင်ယန်မြူးနစ်အသင်းသည် စပါးအသင်း၏ သွင်းဂိုးအများဆုံး ကစားသမား ဟယ်ရီကိန်းကို ခေါ်ယူရန် ဆန္ဒပြင်းပြနေသော်လည်း အပြောင်းအရွှေ့နှင့်ပတ်သက်ပြီး သဘောတူညီမှု တစ်စုံတစ်ရာရရှိခြင်း မရှိသေးပေ။ စပါးအသင်းသည် ခြေစမ်းပွဲအတွက် ဩစတြေးလျသို့ သွားရောက်ပြီးနောက် ဇူလိုင် ၂၃ ရက်တွင် လက်စတာအသင်းနှင့် ယှဉ်ပြိုင်ရန် ထိုင်းနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။ **အောင်ဇော်**

**နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။


၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့်လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay ၊ AYA Pay၊ OK $ ၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

# ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာ

**နေပြည်တော် ဇူလိုင် ၁၄**

မြန်မာနိုင်ငံ၌ မေ ၁၄ ရက်တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာထားသည်။

သတင်းစဉ်

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၇-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၀၀ | ၂၀၅၀ | ၂၀၄၅ | ၂၀၀၀ | ၂၀၅၀ | ၂၀၇၅ | ၂၁၆၀ | ၂၀၃၅ | ၂၂၃၅ | ၂၂၅၀ | ၂၀၄၀ | ၂၀၅၀ | ၂၀၈၅ | ၂၀၉၀ | ၂၀၉၀ | ၂၄၂၀ | ၂၈၂၀ |
| 95 Ron | ၂၂၂၀ | ၂၂၆၅ | ၂၂၆၅ | ၂၂၁၅ | ၂၂၆၅ | ၂၂၉၀ | ၂၂၇၅ | ၂၂၅၀ | ၂၃၅၀ | ၂၃၆၅ | ၂၂၅၅ | ၂၂၇၅ | ၂၃၀၅ | ၂၃၀၅ | ၂၃၀၅ | ၂၅၃၅ | ၂၉၂၀ |
| HSD (500 ppm) | ၂၀၉၀ | ၂၀၄၀ | ၂၀၃၅ | ၂၀၀၀ | ၂၀၃၅ | ၂၁၆၀ | ၂၀၅၅ | ၂၁၂၅ | ၂၂၄၅ | ၂၂၄၀ | ၂၀၇၀ | ၂၀၄၀ | ၂၀၇၅ | ၂၀၇၅ | ၂၀၈၀ | ၂၄၁၀ | ၂၉၂၀ |
| HSD (50 ppm) | ၂၁၇၀ | ၂၂၂၀ | ၂၂၀၅ | ၂၀၈၀ | ၂၂၀၅ | ၂၂၄၀ | ၂၂၃၅ | ၂၂၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၀၀ | ၂၂၂၀ | ၂၂၅၅ | ၂၂၅၅ | ၂၂၆၀ | ၂၄၉၀ | ၂၉၈၀ |
| HSD (10 ppm) | ၂၁၇၀ | ၂၂၂၀ | ၂၂၀၅ | ၂၀၈၀ | ၂၂၀၅ | ၂၂၄၀ | ၂၂၃၅ | ၂၂၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၀၀ | ၂၂၂၀ | ၂၂၅၅ | ၂၂၅၅ | ၂၂၆၀ | ၂၄၉၀ | ၂၉၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၆ | ၂၀၇၀ |
| 95 Ron | ၂၁၀၈ | ၂၁၈၄ |
| HSD (500 ppm) | ၁၉၈၈ | ၂၀၅၇ |
| HSD (50 ppm) | ၂၀၆၂ | ၂၁၃၃ |
| HSD (10 ppm) | ၂၀၆၂ | ၂၁၃၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များ

**သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Center– DMC) သည် မိုခါမုန်တိုင်းနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ပေးသည့် ဗဟိုဌာနဖြစ်ပါသည်။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအောက်တွင် လုပ်ငန်းကော်မတီ ၁၂ ခုကို ဖွဲ့စည်းထားရှိပြီး အဆိုပါလုပ်ငန်းကော်မတီများသည် DMC တွင်စုဖွဲ့ကာ မိုခါမုန်တိုင်းနှင့်ပတ်သက်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကို အရေးပေါ်တုံ့ပြန်ဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းကော်မတီ ၁၂ ခုအနက် တစ်ခုအပါအဝင်ဖြစ်သည့် နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ တွဲဖက်အတွင်းရေးမှူး နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မာလာသန်းထိုက်နှင့် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ရပါသည်–**

**တွေ့ဆုံမေးမြန်း - ဝင်းဝင်း**



ညွှန်ကြားရေးမှူးချုပ်
ဒေါ်မာလာသန်းထိုက်

**မေး။ ။ နိုင်ငံတကာ ဆက်ဆံရေးလုပ်ငန်း ကော်မတီက ဆောင်ရွက်နေတဲ့ လုပ်ငန်းတာဝန်တွေကို မျှဝေပေးစေလိုပါတယ်။**

**ဖြေ။ ။** နိုင်ငံတကာ ဆက်ဆံရေးလုပ်ငန်းကော်မတီရဲ့ အဓိကလုပ်ငန်းတာဝန်က နိုင်ငံတကာက ပေးအပ်လာတဲ့ အကူအညီတွေအတွက် အဆင်ပြေချောမွေ့အောင် သက်ဆိုင်ရာတွေနဲ့ ဆက်သွယ်ပေါင်းစပ်ဆောင်ရွက်ပေးရတာဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ ပြည်ပနိုင်ငံအစိုးရတွေ၊ ပြည်ပမှစေတနာရှင်တွေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ ပြည်ပရောက် မြန်မာနိုင်ငံသားတွေက ပစ္စည်း၊ ငွေ လှူဒါန်းလိုပါက လှူဒါန်းလိုကြောင်း ကမ်းလှမ်းလာတဲ့ကိစ္စတွေကို အဆင်ပြေချောမွေ့အောင် တင်ပြဆောင်ရွက်ခြင်း၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ဗဟိုဌာနက သက်ဆိုင်ရာကော်မတီတွေနဲ့ ပေါင်းစပ်ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ပေးပါတယ်။

ရန်ကုန်မြို့မှာ အလှူပစ္စည်းတွေကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ ရန်ကုန်မှာရှိတဲ့ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့နဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကယ်ဆယ်ရေးပစ္စည်းတွေ သယ်ဆောင်လာတဲ့လေယာဉ်တွေ မြန်မာနိုင်ငံအပေါ် ဖြတ်ကျော်ပျံသန်းခွင့်၊ ရန်ကုန်လေဆိပ်မှာ ဆင်းသက်ရပ်နားခွင့် ရရှိရေးကိုလည်း အဆင်ပြေချောမွေ့မှုရှိအောင် ညှိနှိုင်းဆောင်ရွက်ပေးပါတယ်။

ရေကြောင်းမှ သယ်ယူပို့ဆောင်လိုမှုတွေအတွက်လည်း သက်ဆိုင်ရာကို တင်ပြညှိနှိုင်းဆောင်ရွက်ပေးပါတယ်။

**မေး။ ။ မုန်တိုင်းသင့် ပြည်သူတွေအတွက် နိုင်ငံတကာကနေ အကူအညီလှူဒါန်းမှုအခြေအနေနဲ့ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီရဲ့ ညှိနှိုင်းဆောင်ရွက်ပေးမှုကို သိရှိလိုပါတယ်။**

**ဖြေ။ ။** မုန်တိုင်း ကျရောက်နိုင်ကြောင်း သတင်းတွေ ထွက်ပေါ်လာချိန်မှာ ထိုင်းနိုင်ငံမှာရှိတဲ့ မြန်မာနိုင်ငံသားတွေအနေနဲ့ ဘန်ကောက်မြို့ မြန်မာသံရုံးကတစ်ဆင့် ခေါက်ဆွဲခြောက်ထုပ်ပေါင်း တစ်သိန်းခွဲကျော် လှူဒါန်းခဲ့ပြီး မေ ၈ ရက်မှာ နိုင်ငံခြားရေးဝန်ကြီးဌာနက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို လွှဲပြောင်းပေးအပ်နိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံကို မုန်တိုင်းဖြတ်ကျော်ဝင်ရောက်လာပါက ပြည်ပနိုင်ငံတွေက အစိုးရအဖွဲ့အစည်းတွေ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းတွေနဲ့ ပြည်ပရောက်မြန်မာအသိုင်းအဝိုင်းတွေက မုန်တိုင်းဒဏ်သင့်ဒေသတွေကို အကူအညီပေးအပ်ရေးနှိုးဆော်သွားဖို့ မြန်မာသံရုံး၊ အဖွဲ့ရုံးနဲ့ ကောင်စစ်ဝန်ချုပ်ရုံးတွေအားလုံးကို မေ ၁၀ ရက်မှာ အကြောင်းကြားခဲ့ပါတယ်။ ဒါ့အပြင် မုန်တိုင်းအန္တရာယ်ကျရောက်လာပါက အကူအညီပေးရေးအတွက် အိမ်နီးချင်းနိုင်ငံတွေအပါအဝင် နိုင်ငံပေါင်း ၂၃ နိုင်ငံကိုလည်း ရန်ကုန်မြို့အခြေစိုက် သံရုံးတွေကတစ်ဆင့် မေ ၁၁ ရက်မှာ အကြောင်းကြားခဲ့ပါတယ်။

မိုခါမုန်တိုင်း ကျရောက်ပြီးနောက် မေ ၁၄ ရက်ကနေ ယခုအချိန်အထိ တရုတ်၊ အိန္ဒိယ၊ ကမ္ဘောဒီးယား၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေက လှူဒါန်းမှုတွေရှိခဲ့ပါတယ်။ ဒါ့အပြင် အလှူရှင်နိုင်ငံတွေက အာဆီယံလူသားချင်းစာနာထောက်ထားမှုအကူအညီများ ညှိနှိုင်းရေးဌာန (AHA Centre) မှတစ်ဆင့် လှူဒါန်းမှုတွေလည်းရှိပါတယ်။ ပစ္စည်းတန်ဖိုး အမေရိကန်ဒေါ်လာ သုံးသိန်းကျော်လက်ခံရရှိခဲ့ပါတယ်။

ပြည်ပရှိမြန်မာသံရုံးတွေကတစ်ဆင့် ယူနန်ပြည်နယ် ချစ်ကြည်ရေးအသင်းကဲ့သို့ ပြည်ပအသင်းအဖွဲ့တွေ၊ ပြည်ပအလှူရှင်တွေရဲ့ လှူဒါန်းမှုတွေ၊ မြန်မာသံရုံး၊ အဖွဲ့ရုံးတွေက ဝန်ထမ်းတွေရဲ့ လှူဒါန်းမှုတွေ၊ ပြည်ပရောက်မြန်မာနိုင်ငံသားတွေရဲ့ လှူဒါန်းမှုတွေလည်းရှိပါတယ်။ မေ ၈ ရက်မှ ဇွန် ၁၂ ရက်အထိ ပစ္စည်းလှူဒါန်းမှုပေါင်း ၁၇ ကြိမ်ရှိပြီး ငွေလှူဒါန်းမှု စုစုပေါင်း ၁၄ ကြိမ်ရှိသွားပါပြီ။

လှူဒါန်းပစ္စည်းတွေ ရန်ကုန်ကိုရောက်ရှိရေး၊ အခွန်ကင်းလွတ်ခွင့်ရရှိရေး၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာနကို လွှဲပြောင်းနိုင်ရေး၊ လှူဒါန်းငွေတွေ၊ သက်ဆိုင်ရာဘဏ်စာရင်းတွေကို ရောက်ရှိရေးတို့အတွက် သက်ဆိုင်ရာကော်မတီတွေ၊ အဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါတယ်။

အခုလက်ရှိမှာလည်း မြန်မာသံရုံးတွေ၊ အဖွဲ့ရုံးတွေကတစ်ဆင့် လှူဒါန်းမယ့် ငွေ/ ပစ္စည်းတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေက အကြောင်းကြားလာတဲ့ကိစ္စတွေကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာနနဲ့ ဆက်လက်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး။ ။ ကယ်ဆယ်ရေးပစ္စည်းတွေ လေကြောင်း၊ ရေကြောင်းမှ ရောက်ရှိမှုနဲ့ ညှိနှိုင်းဆောင်ရွက်ပေးမှုအခြေအနေကိုလည်း သိပါရစေ။**

**ဖြေ။ ။** ကယ်ဆယ်ရေး လေယာဉ်တွေ ဆင်းသက်မှုအနေနဲ့က စုစုပေါင်း ၁၀ ကြိမ်ရှိပြီဖြစ်ပါတယ်။ AHA Centre ကတစ်ဆင့်လှူဒါန်းတဲ့ ကယ်ဆယ်ရေးပစ္စည်းတွေ သယ်ဆောင်လာတဲ့ လေယာဉ်ဆင်းသက်မှု ခုနစ်ကြိမ်၊ မေ ၂၃ ရက်မှာ ထိုင်းနိုင်ငံတော်ဝင်မိသားစုနဲ့ အခြားအလှူရှင်တွေ လှူဒါန်းတဲ့ ကယ်ဆယ်ရေး လေယာဉ်ဆင်းသက်မှု နှစ်ကြိမ်နဲ့ ဇွန် ၁၂ ရက်မှာ တရုတ်နိုင်ငံအစိုးရက လှူဒါန်းတဲ့ကယ်ဆယ်ရေး လေယာဉ်ဆင်းသက်မှု တစ်ကြိမ်တို့ဖြစ်ပါတယ်။ ကယ်ဆယ်ရေးပစ္စည်းတွေ ပေးပို့တဲ့ ရေယာဉ်ဝင်ရောက်မှုအရေအတွက်က အိန္ဒိယနိုင်ငံမှ စစ်ရေယာဉ် လေးစင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ စစ်ရေယာဉ်တစ်စင်း စုစုပေါင်း ငါးစင်းဖြစ်ပါတယ်။

လေယာဉ်တွေ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ ဆင်းသက်ရပ်နားခွင့်၊ ရေယာဉ်တွေ ရန်ကုန်ဆိပ်ကမ်းမှာ ဆိုက်ကပ်ရပ်နားခွင့်၊ ကယ်ဆယ်ရေးပစ္စည်းတွေ အခွန်ကင်းလွတ်ခွင့်ရရှိရေး၊ သက်ဆိုင်ရာ DMC သို့ လွှဲပြောင်းရေးတို့အတွက် ကော်မတီအနေနဲ့ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ဆက်လက်လည်း ညှိနှိုင်းဆောင်ရွက်နေပါတယ်။ ။



ထိုင်း–မြန်မာ ချစ်ကြည်ရေးအသင်းက လေကြောင်းမှ လှူဒါန်းသော ကယ်ဆယ်ရေးပစ္စည်းများ။



အိန္ဒိယနိုင်ငံမှ စစ်ရေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းများ လာရောက်လှူဒါန်းစဉ်။



ပြည်ပအဖွဲ့အစည်းများနှင့် စေတနာရှင်များ၏ လှူဒါန်းမှုများကို တွေ့ရစဉ်။

**❑ လေယာဉ်တွေ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ ဆင်းသက်ရပ်နားခွင့်၊ ရေယာဉ်တွေ ရန်ကုန်ဆိပ်ကမ်းမှာ ဆိုက်ကပ်ရပ်နားခွင့်၊ ကယ်ဆယ်ရေးပစ္စည်းတွေ အခွန်ကင်းလွတ်ခွင့် ရရှိရေး၊ သက်ဆိုင်ရာ DMC သို့ လွှဲပြောင်းရေးတို့အတွက် ကော်မတီအနေနဲ့ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆက်လက်လည်း ညှိနှိုင်းဆောင်ရွက်နေပါတယ်**

# ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များ ပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၅ အုပ် သို့မဟုတ် ၅ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ် ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့် စာအုပ်စာရင်း ၂ အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ ၂ အုပ်နှင့် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသို့ ၁ အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၅ အုပ် သို့မဟုတ် ၅ စောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ (၁၁) ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ |
|---|---|---|---|
| ၁။ | မောင့်ထံပါးသို့နားပါရစေ | နေဗလ် | ဦးစိုးမင်းအောင်<br>ချန့်ချန်စာပေ |
| ၂။ | မောင့်တီရှပ်လေးမိုးမမိစေချင် | မြလွှမ်းမိုးဆွေ | ဦးဝင်းသူရလွင်<br>အိပ်မက်အသစ်စာပေ |
| ၃။ | ရသစာစဉ် (၆) မိုးတိမ်ငယ်<br>သုတရသစာပေပျိုးခင်း | ကလောင်စုံ | ဦးနိုင်ဝင်းဇော်<br>မိုးကောင်းမြေစာပေတိုက် |
| ၄။ | နိဗ္ဗာနသုခါဒီပကာသနီကျမ်းနှင့်<br>မာနာဒိ မိစ္ဆာဘိမဒ္ဒနနိဗ္ဗာန်ကျမ်း | ဘဒ္ဒန္တသူရိယမဟာထေရ် | ဦးချစ်ညွန့်<br>ဇင်ရတနာစောစာပေ |
| ၅။ | အစ်ကိုထားခဲ့တဲ့နေရာမှာ<br>ကျွန်တော်စောင့်နေတယ် | ပိုင်သွန်<br>(Phython) | ဦးမျိုးသူစိုး<br>ခေတ်စာအုပ်တိုက် |
| ၆။ | အပျိုရောင်ည | ခေတ်ပျိုဖြူ | ဦးမျိုးသူစိုး<br>ခေတ်စာအုပ်တိုက် |
| ၇။ | သူမနဲ့ကျွန်တော် | ခေတ်ပျိုဖြူ | ဦးမျိုးသူစိုး<br>ခေတ်စာအုပ်တိုက် |
| ၈။ | You Can Change<br>မင်းပြောင်းလဲနိုင်ပါတယ် | Min Khant(Verse) | ဦးမျိုးသူစိုး<br>ခေတ်စာအုပ်တိုက် |
| ၉။ | လွတ်မြောက်ခြင်း<br>(ဗုဒ္ဓနည်းကျစိတ်ခွန်အားဖြည့်စာများ) | ဂျန | ဦးမျိုးသူစိုး<br>ခေတ်စာအုပ်တိုက် |
| ၁၀။ | အနမ်းဦးနှင့်ရသဝတ္ထုတိုများ | အောင်မှူးချို(ရွှေကူ) | ဦးမျိုးသူစိုး<br>ခေတ်စာအုပ်တိုက် |
| ၁၁။ | စနေမောင်မောင်နှင့် မြေလျှိုးမိုးပျံဂိုဏ်း | မင်းသိခ် | ဦးဝင်းဇော်<br>မရမ်းတလင်းစာပေ |
| ၁၂။ | ဟန်ချက်ညီသောခြေလှမ်းများ | မင်းထက်ဟန် | ဦးမင်းထက်ဟန်<br>တောင်ဇလပ်နီစာပေ |

ပြန်ကြားရေးဝန်ကြီးဌာန

## ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက် (၅) နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး) များကို မဖြစ်မနေသွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။"

ကျန်းမာရေးဝန်ကြီးဌာန

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄ ဦး တွေ့ရှိ

(၁၄ - ၇ - ၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၃-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၆၄၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၉၄၂,၉၃၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၈၆၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၉) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၆၆၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**



## အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၄**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အ.ထ.က(၁၄) တွင် (၇၆) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးဝင်းနိုင်က အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲကျင်းပခြင်းနှင့်စပ်လျဉ်း၍ ပြောကြားပြီး (ဝဲပုံ) အထက်တန်းပြဆရာမ ဒေါ်နန်းဇာလီက အာဇာနည်နေ့အကြောင်း ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ထက်၊ လယ်၊ မူ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၁၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## ကျောက်တလုံးကြီးမြို့၌ (၇၆)နှစ်မြောက် အာဇာနည်နေ့(အကြို) ဟောပြောပွဲကျင်းပ

**ကျောက်တလုံးကြီး ဇူလိုင် ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတ တိုးပွားစေရန် ရည်ရွယ်၍ ယနေ့နံနက် ၉ နာရီက အခြေခံပညာမူလတန်းကျောင်း နောင်ယာဆိုင်းတွင် (၇၆) နှစ်မြောက် အာဇာနည်နေ့(အကြို) ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲ၊ စာအုပ်စာစောင်ပြပွဲများ ဆောင်ရွက်သည်။

ရေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့ဦးစီးမှူး ဒေါ်သန္တာဝင်းက အာဇာနည်နေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းနှင့် စာဖတ်ခြင်းမှရရှိသော အကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြောသည်။

ဆက်လက်၍ နံရံကပ်စာစောင်ပြပွဲ ကျင်းပရာ ကျောင်းသား ကျောင်းသူများ သိသင့်သိထိုက်သော အာဇာနည်နေ့သမိုင်းကြောင်း၊ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ဝင်တစား လေ့လာကြသည်။ ထို့နောက် စာအုပ်စာစောင်ပြပွဲ ပြသရာ ကျောင်းသား ကျောင်းသူများက ကြိုက်နှစ်သက်သော သုတ/ရသစာအုပ်စာစောင်များအား ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

**ကေသီ(ပြန်/ဆက်)**

## လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံးယာဉ် အားသွင်းစက်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၁၄**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Amazing Auto Co., Ltd. မှ တင်သွင်းလာသော Faw Toyota BZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ၃၇ စီးနှင့် Grand Sirius Co.,Ltd. က တင်သွင်းလာသော လျှပ်စစ်သုံးယာဉ်အားသွင်းစက် (EV Charger, 60KW) အခု ၃၀ သည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးမော်တော်ယာဉ်နှင့် လျှပ်စစ်သုံးယာဉ်အားသွင်းစက်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ချင်းတွင်းမြစ်ရေ ဖောင်းပြင်မြို့တွင် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၁၄**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် လေးပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်လေးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဖောင်းပြင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ဒုတိယဝန်ကြီး ဦးဝင်းရှိန် မရမ်းကုန်းမြို့နယ် လူမှုဖူလုံရေး-သမားတော် အထွေထွေရောဂါကုဆေးခန်းဖွင့်ပွဲ တက်ရောက်

**ရန်ကုန် ဇူလိုင် ၁၄**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ပြည်လမ်းမပေါ်ရှိ လူမှုဖူလုံရေး-သမားတော် အထွေထွေရောဂါကုဆေးခန်း ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးတို့က လူမှုဖူလုံရေး – သမားတော် အထွေထွေရောဂါကုဆေးခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဆေးခန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားနှင့် နိုင်ငံတော်က စုပေါင်းထည့်ဝင်ငွေများဖြင့် နိုင်ငံတော်၏ အဓိကကုန်ထုတ်စွမ်းအားစုဖြစ်သည့် အလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ငွေလက်ငင်းအကျိုးခံစားခွင့်များကို ခံစားရရှိနိုင်စေရန် လက်ရှိတွင် အာမခံစနစ် ခြောက်မျိုးအနက် နှစ်မျိုးကို အကောင်အထည်ဖော်လျက် အကျိုးခံစားခွင့် ၁၅ မျိုးကို ဆောင်ရွက်ပေးလျက်ရှိသည်။

တိုးတက်များပြားလာသော အကျုံးဝင် အာမခံအလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိတ်ရက်မရှိ အလွယ်တကူ လက်လှမ်းမီရယူနိုင်စေရန် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများနှင့်ပူးပေါင်း၍ စာချုပ်ဆေးခန်းများ ဖွင့်လှစ်ကာ ကျန်းမာရေးဝန်ဆောင်မှု ပေးလျက်ရှိရာ ယနေ့အထိ Capitation Payment စာချုပ်ဆေးခန်း ၂၆ ခန်း၊ Fee for Service Payment စာချုပ်ဆေးခန်း ၁၂ ခန်း၊ မီးဖွားခြင်းနှင့်ဆိုင်သော ဝန်ဆောင်မှု ဆောင်ရွက်သည့် စာချုပ်ဆေးရုံ/သားဖွားခန်း ၁၀ ခန်း၊ Mobile Medical Unit–ရွေ့လျားဆေးကုသယာဉ် နှစ်စီးတို့ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်တွင် အကျုံးဝင်အာမခံအလုပ်ဌာန ၉၈၁ ဌာနနှင့် အကျုံးဝင် အာမခံအလုပ်သမားဦးရေ ၂၃၃၁၇ ဦးရှိပြီး အဆိုပါ အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို ထိရောက်လွယ်ကူစွာ ဆောင်ရွက်ပေးနိုင်ရန် လူမှုဖူလုံရေး – သမားတော်ဆေးခန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကာ ယခုဖွင့်လှစ်ခဲ့သည့် ဆေးခန်းအပါအဝင် စာချုပ်ဆေးခန်း စုစုပေါင်း ၃၉ ခန်း ဖွင့်လှစ်ထားပြီး လူမှုဖူလုံရေးအဖွဲ့၏ လိုအပ်ချက်ရှိသော နေရာဒေသများတွင် စာချုပ်ဆေးခန်းများ ထပ်မံတိုးချဲ့ဖွင့်လှစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။



ဒုတိယဝန်ကြီး ဦးဝင်းရှိန် Best Choice Garnment Co., Ltd စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

အာမခံအလုပ်သမားများအတွက် ကျန်းမာရေးဝန်ဆောင်မှုများအပြင် နိုင်ငံပိုင်ဆေးရုံများတွင် ပြသ၍ ကုန်ကျခဲ့သော ဆေးဖိုးငွေများကို ကာယကံရှင် အာမခံအလုပ်သမားထံ လူမှုဖူလုံရေး ရန်ပုံငွေမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်ထုတ်ပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးတွင် ၇/၂၀၂၂ မှ ၆/၂၀၂၃ အထိ ဆေးဖိုးအမှုတွဲပေါင်း ၆၉၂၇၄ မှုအတွက် ဆေးဖိုးကုန်ကျငွေကျပ်သန်းပေါင်း ၃၇၄၂ ဒသမ ၃၅၆ သန်း ထုတ်ပေးခဲ့ပြီးဖြစ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အနော်ရထာစက်မှုဇုန်ရှိ CMP အထည်ချုပ်စက်ရုံများဖြစ်သည့် Myanmar Guotai Huasheng Glory Fashion Co., Ltd၊ Myanmar Huasheng Golden Fashion Co., Ltd နှင့် Best Choice Garnment Co., Ltd စက်ရုံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုကို စဉ်ဆက်မပြတ် ဆက်သွယ်ဆောင်ရွက်ရန်နှင့် သုံးပွင့်ဆိုင်ယန္တရား ပိုမိုအားကောင်းစေရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဇူလိုင် ၁၃ ရက်၌ အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Nyi Nyi Zaw" အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် နဝင်းရပ်ကွက်နေ ညီညီဇော်အား မွန်းလွဲ ၂ နာရီခွဲတွင် ပြည်မြို့ အမှတ် (၁) နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ငွေကျပ်သိန်း ၆၃၀၀ တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၁၂၀ (အလေးချိန် ၄၂ ကီလို) ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ငွေကျပ်သိန်း ၆၃၀၀ တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၁၂၀(အလေးချိန် ၄၂ ကီလို) ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၉ ရက် ည ၈ နာရီတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ပါဆတ်ရပ်ကွက်ရှိ အိုက်ဖတ်(ခ)စိုင်းဖတ်၏ နေအိမ်ကို သတင်းအရ ရှာဖွေရာ မူးယစ်ဆေးဝါးများသယ်ဆောင်ရောင်းဝယ်ရန် ရောက်ရှိနေသူများဖြစ်သည့် စိုင်းအွန်နှင့် အိုက်ကျိုင်းတို့ကို ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၆၃၀၀ တန်ဖိုးရှိ ဘိန်းဖြူ ဘလောက်တုံး ၁၂၀ (အလေးချိန် ၄၂ ကီလို)နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။ **သတင်းစဉ်**





*ထင်သာမြင်သာ ပြုပြင်စရာ*

## အင်းတော်မြို့လယ်မှ ရွှေဘို-မြစ်ကြီးနားသွား လမ်းမကြီး ပြုပြင်ရန်လို

**အင်းတော် ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ပေါ်ရှိ ရွှေဘို– မြစ်ကြီးနားသွား လမ်းမကြီးမှာ ပုံပါအတိုင်း ပျက်စီးလျက်ရှိသည်။

အဆိုပါ ရွှေဘို–မြစ်ကြီးနားသွား လမ်းမကြီးသည် အင်းတော်မြို့လယ်မှ ဖြတ်သန်းသွားရာတွင် အောင်ချမ်းသာရပ် ဗလီလမ်းကွေ့နေရာတွင် ချိုင့်ခွက်ကြီးများ ဖြစ်ပေါ်နေပြီး ကျောက်တုံးကျောက်ခဲများပေါ်ကာ ပျက်စီးနေကြောင်း သိရသည်။

ထိုလမ်းမကြီးပေါ်မှ လူစီးမှန်လုံယာဉ်ကြီး၊ ယာဉ်ငယ်များ၊ ကုန်တင်ယာဉ်ကြီးများ၊ ဆီဘောက်ဆာ ၂၂ ဘီးယာဉ်များ နေ့စဉ်စီးရေ ၃၀၀ ကျော်ခန့် ဖြတ်သန်းမောင်းနှင်နေသဖြင့် အချိန်မီ ပြုပြင်ရန် လိုအပ်လျက်ရှိသည်။

ကျောင်းကြိုပို့သွားလာရာတွင် အန္တရာယ်များပြီး မြို့၏ သာယာလှပမှုကို ဖျက်ဆီးနေသကဲ့သို့ဖြစ်နေကြောင်း ရပ်မိရပ်ဖတစ်ဦးက ပြောပြသည်။

အဆိုပါနေရာ၊ အဆိုပါလမ်းကြီး ပြန်လည်ကောင်းမွန်လာရေးအတွက် သက်ဆိုင်ရာက အမြန်ဆုံးပြန်လည်ပြုပြင်ထိန်းသိမ်းသင့်ကြောင်း ထင်သာမြင်သာပြုပြင်စရာကဏ္ဍမှ ရေးသားတင်ပြလိုက်ရပါသည်။ **လူအောင်(ကသာ)**

---

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန
# အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

၁။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| (က) | ဆေးဘက်ဆိုင်ရာကျွမ်းကျင်(၂) (ဆေးဝါး) (လစာနှုန်း၊၂၁၆၀၀၀ -၂၀၀၀-၂၂၆၀၀၀) | (၂၀)နေရာ | B.Pharm, M.Sc(Chemistry), M.Sc(Industrial Chemistry) |
| (ခ) | ဒု-ကြီးကြပ်ရေးမှူး (အစားအသောက်) (လစာနှုန်း၊၂၁၆၀၀၀ -၂၀၀၀-၂၂၆၀၀၀) | (၁၀)နေရာ | B.V.Sc,M.Sc(Industrial Chemistry), M.Sc(Food Biotechnology), M.Sc(Biochemistry), B.Comm.H, B.Agr.Sc, အခြေခံဘွဲ့တစ်ခုခုနှင့် Post graduate D.F.T |
| (ဂ) | ဓာတ်ခွဲခန်းကျွမ်းကျင်(၂) (လစာနှုန်း၊၂၁၆၀၀၀ -၂၀၀၀-၂၂၆၀၀၀) | (၁၀)နေရာ | B.E(Chemical), B.Med.Tech, Master of Food Technology, M.Sc(Chemistry), M.Sc(Industrial Chemistry) |
| (ဃ) | အငယ်တန်းစာရေး (လစာနှုန်း၊ ၁၈၀၀၀၀ -၂၀၀၀-၁၉၀၀၀၀) | (၁၀)နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ |
| (င) | ဓာတ်ခွဲခန်းကျွမ်းကျင်(၄) (လစာနှုန်း၊ ၁၈၀၀၀၀ -၂၀၀၀-၁၉၀၀၀၀) | (၁၀)နေရာ | Grade II (Laboratory Technician) အောင်မြင်ပြီးသူ/ တက္ကသိုလ် တစ်ခုခုမှ သိပ္ပံဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ |
| (စ) | ယာဉ်မောင်း(၅) (လစာနှုန်း၊ ၁၆၂၀၀၀ -၂၀၀၀-၁၇၂၀၀၀) | (၁၀)နေရာ | အခြေခံပညာအလယ်တန်း အောင်မြင်ပြီး ယာဉ်မောင်း လိုင်စင်(ခ) ရရှိပြီးသူဖြစ်ရမည်။ |
| (ဆ) | လုပ်သား(ဓာတ်ခွဲ) (လစာနှုန်း၊ ၁၄၄၀၀၀ -၂၀၀၀-၁၅၄၀၀၀) | (၁၀)နေရာ | အခြေခံပညာအလယ်တန်း အောင်မြင်ပြီးသူဖြစ်ရမည်။ |

၂။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များ ပါဝင်ရမည်-

(က) အမည်
(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်
(ဂ) မွေးသက္ကရာဇ်(ခုနှစ်၊ လ၊ ရက်)
(ဃ) လူမျိုး/ကိုးကွယ်သည့်ဘာသာ
(င) ဖခင်အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်
(စ) ရရှိသည့်ဘွဲ့၊ ခုနှစ်၊ တက္ကသိုလ်
(ဆ) အမြဲတမ်းနေရပ်လိပ်စာနှင့်ဆက်သွယ်ရန်လိပ်စာ
(ဇ) ဖုန်းနံပါတ်

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များ ပြည့်စုံစွာပူးတွဲပေးပို့ရမည်-

(က) ပညာအရည်အချင်းထောက်ခံချက်
(၁) အမှတ်စဉ်(က)မှ(င)အထိအတွက် ဘွဲ့လက်မှတ်ထောက်ခံချက်မိတ္တူ၊ အမှတ်စာရင်း မိတ္တူနှင့်အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ် မိတ္တူ၊
(၂) အမှတ်စဉ် (စ) နှင့် (ဆ) အတွက် အခြေခံပညာအလယ်တန်းအောင်မြင်ကြောင်း ထောက်ခံချက်မိတ္တူ၊
(ပညာအရည်အချင်းထောက်ခံချက်အတွက် အောင်လက်မှတ်ကို မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
(ခ) တာဝန်ကျရာ မည်သည့်ဒေသတွင်မဆို သွားရောက်တာဝန်ထမ်းဆောင်ပါမည်ဟု ကတိပြုဝန်ခံချက်၊
(ဂ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း၊ ရာထူးမှ ထုတ်ပယ်ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်း ခံရသူများ လျှောက်ထားခွင့်မရှိပါ၊
(ဃ) ပါတီနိုင်ငံရေးကင်းရှင်းကြောင်း ကိုယ်တိုင်ကတိခံဝန်ချက်၊
(င) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူနှင့် လွန်ခဲ့သော (၁)လ အတွင်း ရယူထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်မူရင်း၊
(စ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ၊ ဓာတ်ပုံကျောဘက်တွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်အမှတ် ရေးသားရန်၊
(ဆ) အမှတ်စဉ် ၁။ (က) မှ (ဂ)အထိ ခန့်ထားခြင်းခံရပါက နိုင်ငံ့တာဝန်အား အနည်းဆုံး(၅)နှစ်တိတိ တာဝန်ထမ်းဆောင်ပါမည်ဖြစ်ကြောင်းနှင့် တာဝန်ထမ်းဆောင်ရန်ပျက်ကွက်ပါက သတ်မှတ်ထားသည့် လျော်ကြေးငွေကျပ်(၄)သိန်းတိတိကို ပေးလျော်မည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်၊
(ဇ) အမှတ်စဉ် ၁။ (ဃ) မှ (ဆ)အထိ ခန့်ထားခြင်းခံရပါက နိုင်ငံ့တာဝန်အား အနည်းဆုံး(၂)နှစ်တိတိ တာဝန်ထမ်းဆောင်ပါမည်ဖြစ်ကြောင်းနှင့် တာဝန်ထမ်းဆောင်ရန်ပျက်ကွက်ပါက သတ်မှတ်ထားသည့် လျော်ကြေး ငွေကျပ်(၂)သိန်းတိတိကို ပေးလျော်မည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်၊
(ဈ) အမှတ်စဉ် ၁။ (င)ပါ ဓာတ်ခွဲခန်းကျွမ်းကျင်-၄ ရာထူးသို့ လျှောက်ထားသူများအား ၎င်း ရာထူးနေရာများကို ကျောထောက်နောက်ခံပြု၍ (လစာနှုန်း၊ ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) ရာထူးနေရာတွင် အလုပ်သင်အဖြစ် စတင်ခန့်ထားမည်ဖြစ်ပါသည်။

၄။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ခွင့်ပြုချက်ရယူပြီး လျှောက်ထားရမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာပိတ်ရက်တွင် အသက်(၃၀)နှစ် မကျော်သူဖြစ်ရမည်။ လျှောက်လွှာများကို (၁၆-၈-၂၀၂၃) ရက်နေ့ ၁၆:၃၀ နာရီနောက်ဆုံးထား၍ ညွှန်ကြားရေးမှူးချုပ်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ စပယ်အိမ်ရာရှေ့၊ နေပြည်တော်သို့ လိပ်မူ၍ လျှောက်ထားနိုင်ပါသည်။

၆။ အရည်အချင်းသတ်မှတ်ချက်နှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများနှင့် မပြည့်စုံသူများ၊ သတ်မှတ်ရက်ထက်နောက်ကျပြီး ရောက်ရှိပေးပို့လာသော လျှောက်လွှာများကို လုံးဝ(လုံးဝ) ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၇။ စာမေးပွဲဖြေဆိုရမည့်သူစာရင်းနှင့် ဖြေဆိုရမည့်နေ့ရက်၊ အချိန်၊ နေရာတို့ကို နေပြည်တော်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရုံး၊ Food and Drug Administration. Facebook နှင့် FDA Website-www.fda.gov.mm တို့တွင် ကြေညာထားမည်ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက နေပြည်တော်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဖုန်းနံပါတ်- ၀၆၇၃- ၄၀၃၈၄၇၊ ၀၆၇၃ - ၄၀၃၅၈၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## အမည်ပြောင်း

ရမ်းဗြဲမြို့၊ အထက ပုလှတ်တောင်ကျောင်း Grade- 3မှ မောင်သော်ဇင်ကိုထက် ကို မောင်လွင်ဘုန်းခန့် ဟု လည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။

## အများသိစေရန်ကြေညာခြင်း

ကွင်းအမှတ်(၁၂၈)၊ သရက်လေးပင်ကွင်း၊ မြေကွက်အမှတ်(၁၅၅၉)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြို့မြေ၊ အလယ်ကုန်းရပ်ကွက်၊ ဆရာစံမြို့သစ်၊ သုံးဆယ်မြို့ပိုင်ခြံမြေသည် ၇/သဝတ(နိုင်)၀၈၇၀၁၆ ဒေါ်သူဇာသိန်း ပိုင်ဖြစ်ပြီး ဂရန်မြေစာချုပ်မူရင်းပိုင်ဆိုင်မှုမရှိသော ကြောင့် ရောင်းထားခြင်း၊ ပေါင်ထားခြင်းလည်းမရှိပါသောကြောင့် ၎င်းမြေအား ငွေကြေးအလွှဲသုံးစားလုပ်ရောင်းချခြင်း၊ မြေဂရန်ထပ်မံဝယ်ယူ လျှောက်ထားခြင်း ပြုလုပ်ပါက ခွင့်မပြုပါ။ တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သူဇာသိန်း**
**၇/သဝတ(နိုင်)၀၈၇၀၁၆**
**ဖုန်း-၀၉-၂၆၈၅၆၉၉၃၃၊**
**၀၉-၆၇၀၆၅၀၄၆၄**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## (၃၆)ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ကမ္ဘာ့ပိုက်ကျော်ခြင်း ချန်ပီယံရှစ်ပြိုင်ပွဲ မြန်မာ ငွေသုံးခု၊ ကြေးတစ်ခု ဆွတ်ခူးရရှိထား

**ရန်ကုန် ဇူလိုင် ၁၄**

ထိုင်းနိုင်ငံ ခိုရတ်မြို့၌ ဇူလိုင် ၉ ရက်မှ ၁၆ ရက်အထိ ကျင်းပနေသော (၃၆) ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ကမ္ဘာ့ပိုက်ကျော်ခြင်းချန်ပီယံရှစ် (36th King Cup Speak Takrow World Championship 2023) ပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ်တစ်ခုဆွတ်ခူးထားကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသားအသက် ၂၁ နှစ် သုံးယောက်တွဲ Regu တွင် ဒုတိယ(ငွေ)၊ အမျိုးသား သုံးယောက်တွဲ Regu ပြိုင်ပွဲတွင် တတိယ(ကြေး)၊ အမျိုးသမီး hoop လေးယောက်တွဲတွင် ဒုတိယ(ငွေ)နှင့် Mix Regu ပြိုင်ပွဲတွင် ဒုတိယ(ငွေ) ဆွတ်ခူးရရှိထားကြောင်း သိရသည်။ မြန်မာအားကစားအဖွဲ့မှ အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၁၂ ဦးတို့က ပြိုင်ပွဲအမျိုးအစားငါးမျိုး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ **အာကာစိုး**

## မုံရွာမြို့ အ.လ.က(၁၂)ကျောင်းဝင်း၌ စုပေါင်းသစ်ပင်စိုက်

**မုံရွာ ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အမှတ် (၁၂) အခြေခံပညာအလယ်တန်းကျောင်းဝင်းအတွင်း ၌ ၂၀၂၃ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၁၄ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မုံရွာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်တင်မိုးနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများသို့ ပျိုးပင်များ ပေးအပ်ပြီး မုံရွာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၃၅၀ က သတ်မှတ်နေရာများတွင် စုပေါင်းသစ်ပင်စိုက်ပျိုးပေးကြပြီး နှစ်နှစ်သားအရွယ်ရှိ ခရေ၊ တမာ၊ မယ်ဇယ်၊ ငုရွှေ၊ ရေတမာ၊ စိန်ပန်းကြီး သစ်မျိုး ပင် ၃၅၀ ကို စိုက်ပျိုးပေးကြသည်။ **ခရိုင်(ပြန်/ဆက်)**




မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၄ - ၇ - ၂၀၂၃

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၀၀ ကျပ် | ၂၁၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၈၀ ကျပ် | ၂၂၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၈၀ ကျပ် | ၂၁၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၉၅ ကျပ် | ၂၂၄၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၁၀၀ | ၈၂၀၀ | ၁၃၅ | ၁၀၉၃၈၀၀ |
| MTSH | ၂၈၀၀ | ၂၈၀၀ | ၂၅၂၅ | ၇၀၇၇၅၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၅၅၀ | ၁၅၅၀ | ၃ | ၄၆၅၀ |
| TMH | ၂၃၅၀ | ၂၃၅ | ၉၈ | ၂၃၀၃၀၀ |
| EFR | ၂၃၅၀ | ၂၃၅၀ | ၅၈ | ၁၃၆၃၀၀ |
| AHPC | ၄၈၀၀ | ၅၀၀၀ | ၂၄၁ | ၁၁၅၉၀၀၀ |
| MAEPC | ၁၇၅၀ | ၁၇၅၀ | ၁၀၀၄၆ | ၁၇၅၇၉၇၅၀ |

ညီညီ - စုစည်းသည်

## တက္ကသိုလ်ရာပြည့် အထိမ်းအမှတ် မဂ္ဂဇင်း စာမူဖိတ်ခေါ်ခြင်း

စိုက်ပျိုးရေးတက္ကသိုလ်၏ တက္ကသိုလ်ရာပြည့်အထိမ်းအမှတ်မဂ္ဂဇင်းကို ၂၀၂၄ ခုနှစ်တွင် ထုတ်ဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ စိတ်ပါဝင်စားသူ ဝါသနာရှင်တိုင်း ကဗျာ၊ ဝတ္ထုတို၊ ဆောင်းပါး၊ ရယ်စရာ၊ ကာတွန်း၊ စာညွှန့် စသည်တို့ကို အောက်ပါလိပ်စာအတိုင်း ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက် ( တနင်္ဂနွေနေ့) နောက်ဆုံးထား၍ ပေးပို့ရန် ဖိတ်ခေါ်အပ်ပါသည်။

**စာမူစည်းကမ်းများ**

၁။ စာမူကို လှေ့ာက်လွှာစာရွက် (A4) ဖြင့် မျက်နှာတစ်ဖက်တည်း ရေးသား၍ စာမျက်နှာတပ်ရန်နှင့် လက်ဝဲဘက် ဘေးစွန်းနေရာ (One-inch Margin) အလုံအလောက်ထားရန်။

၂။ ဝတ္ထုတို၊ ဆောင်းပါးများအတွက် လက်ရေးမူဖြစ်ပါက A4 (၈) မျက်နှာထက်မပိုရန်နှင့် ကွန်ပျူတာစာစီဖြစ်ပါက (Font: Metrix-1, Font Size: 14, Line Spacing: 1.15) နှင့် A4 (၆) မျက်နှာထက် မပိုရန်။

၃။ ဘာသာပြန်စာမူဖြစ်လျှင် မူရင်းစာကိုယ်ကို ပူးတွဲတင်ပြပေးရန်။

၄။ ကာတွန်းတစ်ကွက်လျှင် (၇ လက်မ x ၉ လက်မ) အရွယ်ထား၍ စာရွက်အဖြူပေါ်တွင် မင်အနက်ဖြင့် ပီသသေသပ်စွာ ရေးဆွဲပေးရန်။

၅။ ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်းနှင့် အခြားစာစောင်၊ မဂ္ဂဇင်းများတွင် ဖော်ပြပြီးမဟုတ်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးပေးပို့ရန်၊ ကလောင်အမည်၊ အမည်ရင်း၊ အလုပ်အကိုင်နှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့် လိပ်စာများကို အပြည့်အစုံဖော်ပြရန်နှင့် အီးမေးလ်ဖြင့် ပေးပို့လိုပါကလည်း အထက်ဖော်ပြပါ စည်းကမ်းများအားလုံး အကျုံးဝင်ရမည်ဖြစ်ပြီး yau100magazine@yau.edu.mm သို့ ပေးပို့နိုင်ပါသည်။

၆။ စည်းကမ်းချက်နှင့် ကိုက်ညီမှုရှိသော စာမူများကိုသာ ထည့်သွင်းစဉ်းစားပါမည်။

ဆက်သွယ်ပေးပို့ရန်လိပ်စာ၊ ဦးလူဇော်မျိုး၊ လယ်ယာသီးနှံပညာဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ရေဆင်းစာတိုက်အမှတ် ၁၅၀၁၀၁၊ ဇေယျာသီရိ၊ နေပြည်တော်။ ဖုန်း ၀၉၄၂၈၀၁၃၆၄၉၃။

**တက္ကသိုလ်ရာပြည့်အထိမ်းအမှတ်မဂ္ဂဇင်းထုတ်ဝေရေးကော်မတီ**
**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**

## မိဘအမည်မှန်

မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင် အထက်တန်းကျောင်း Grade- 8 အခန်း(D)မှ မောင်မြတ်သူရဘို ၏ မိဘအမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးကျော်ဆန်းအောင်နှင့် ဒေါ်မော်မော်လတ်တို့ ဖြစ်ပါကြောင်း။

**ဦးကျော်ဆန်းအောင်-ဒေါ်မော်မော်လတ်**

## မွေးသက္ကရာဇ်အမှန်

မြိတ်မြို့၊ မြိတ်တောင်ကျေးရွာ အုပ်စု၊ အောင်သုခရပ်၊ အောင်သစ္စာ လမ်းနေ ဦးဆောင်ဖြန်၏သမီး ဒေါ်ဌေးဌေး ၆/မအရ(နိုင်)၀၀၈၅၁၄ ၏မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်အောင်လက်မှတ် စာရင်းအရ ၂၅-၁-၁၉၆၄ ဖြစ်ပါကြောင်း။

## ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရေတလပေါင်ကျေးရွာ၊ ကွင်းအမည် - သမင်တက်ခွက်မကွင်း၊ ကွင်းအမှတ် (၅၀၃ᵃ) ဦးပိုင်အမှတ် (၂၀/ဓ) ဧရိယာ (၄.၁၇)ကေရှိ ပုံစံ(၇)ထွက်ရှိပြီး လယ်မြေကွက်နှင့်တကွ ယင်းမြေပေါ်ရှိ သီးပင်စားပင်များအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်နှင့် ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အထက်ဖော်ပြပါ လယ်မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဦးခင်မောင်လတ် (၉/မထလ(နိုင်)၁၆၁၂၁၆)အမည်ဖြင့် ပုံစံ(၇)ထွက်ရှိထားသည့် လယ်မြေကွက်ဖြစ်ကြောင်း၊ ဦးခင်မောင်လတ်မှ ၄င်းလယ်ကေများအား ကိုယ်တိုင်လက်ရှိထားပိုင်ဆိုင်လုပ်ကိုင်လျက်ရှိကြောင်း တရားဝင်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း အခြားအရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ၄င်းထံမှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ လယ်မြေအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက် စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညိုမာ ( LL.B ) အထက်တန်းရှေ့နေ (စဉ်-၃၅၇၇၆)**
**အခန်းအမှတ် (308) Office Tower (3), Time City, ကျွန်းတောလမ်း၊ ကမာရွတ်မြို့ နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၉၆၀၇၂၀၃၇၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၃ယ/၈၉၅၇၄, Honda Pcx 150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသူရိန်စိုး ၆/မမန(နိုင်) ၁၄၉၁၂၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ဦးစီးမှူးရုံး**
**(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 42W/47678 , Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ Auto R.Y Co.,Ltd က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ပြင်ဆင်ဖတ်ရှုပါရန်

၉-၇-၂၀၂၃ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၀) မဟာအောင်မြေခရိုင် တရားရုံးတော် ငြင်းချက်ထုတ်ရန်ဆင့်စာ ကြော်ငြာတွင် (မာလာထွဋ်) ခရိုင်တရားသူကြီး အစား (မာလာထွဋ်)ခရိုင်တရားသူကြီး မဟာအောင်မြေခရိုင် တရားရုံးဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးနိုင်နိုင် ၉/ ကပတ (နိုင်)၁၈၉၉၈၄ ၏ နိုင်ငံကူးလက်မှတ် အမှတ် MA-375691 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉- ၆၉၆၁၅၈၃၅၆**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ညောင်ရမ်းမြို့မအုပ်စု၊ ပြည်တော်သာကျေးရွာနေ ဦးမြဝင်း ၉/သစန(နိုင်) ၁၀၈၂၈၉၊ ဒေါ်မွှေးမွှေးခိုင် ၉/သစန(နိုင်)၁၀၈၃၉၀ တို့၏ သမီးဖြစ်သူ အထက ပေါက်တော Grade-12 မှ မသဲနုဝေအား မမေမီအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မမေမီအောင်**

## မွေးသက္ကရာဇ်အမှန်

သဲကုန်းမြို့နယ်၊ ကွေ့တက်ကျေးရွာအုပ်စု၊ အင်တိုင်းအင်ရွာနေ ဦးအောင်ကြိုင်၏ သမီး ဒေါ်စန်းဝင်း၇/သကန(နိုင်) ၀၇၁၉၄၅ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅-၁၁-၁၉၆၇ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ၊ သာကေတ မြို့နယ် ၊ ( ၆/အရှေ့ ) ရပ်ကွက် ၊ ဇမ္ဗူသီရိ(၈)လမ်း၊ တိုက်အမှတ် (၂၄၉ )၊ အခန်း ( R - 4 B ) (တတိယထပ်) (၄လွှာ) အကျယ်အဝန်း ( ၁၉ပေ × ၅၄ပေ )ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်မြရည်မွန် ( ၁၂/မဂတ(နိုင်) ၀၀၃၃၈၅ )ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သော်သော်ကြည်ဖြူ ( ၁၂/ကမတ (နိုင်) ၀၈၅၃၁၀ ) ကဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ -

**ဦးထိန်လင်းသန်း** — LL.B, D.B.L, D.I.L, D.M.L — တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)

**ဒေါ်ပြည့်ပြည့်ဖြိုး** — LL.B, D.B.L, D.I.P.L — တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄)

အမှတ်(၇၂၅)၊ ပြည်သာယာ( ၂ )လမ်း၊ ( ၃၂ )ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆ ၊ ၀၉၄၂၈၀၂၀၃၆၉

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စိုင်းစည်သူရှိန် ၁၂/ဥကမ(နိုင်)၂၀၂၂၅၂ ၏ ပတ်စ်ပို့ NO(MF-503209)နှင့် CDC NO(85604) SIRB နှင့် All in One စာအုပ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉- ၇၅၇၁၄၇၉၂၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၃၁) ရပ်ကွက်၊ ဇေယျာနဒီလမ်း၊ အမှတ် (၂၇၆)ဟု အမည်တွင်သော မြေကွက်၏ ပေ(၃၀x၆၀) မြေနှင့်မြေပေါ်ရှိ တစ်ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို မူလဂရန်အမည်ပေါက်ပိုင်ရှင်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာရထားသူ ဒေါ်ထွေးထွေးမြင့် (၁၂/ဥကတ(နိုင်)၁၁၅၀၄၉)က ကာလတန်ဖိုးဖြင့် ရောင်းချရန် ကမ်းလှမ်းခဲ့ပြီး ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်သဘောတူ၍ ရောင်းဖိုးငွေ၏တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ဆန္ဒရှိသူများသည် မြေကွက်နှင့်ပတ်သက်သော ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤသတင်းစာ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြုခြင်းကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန္ဒာ (စဉ်-၂၅၄၅၁) အထက်တန်းရှေ့နေ**
**LL.B, D.B.L, Dip in Eng:**
**အမှတ် (၂၇၆)၊ ဗညားဒလလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊**
**တာမွေမြို့နယ်၊ ဖုန်း-၀၉-၄၂၀၇၀၈၆၉၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ခေမာလမ်း၊ အမှတ်(၄၃)နေ ဦးချစ်ကို၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ်-(၂၅/က)၊ အကျယ်အဝန်းပေ (၂၀x၆၀)ရှိဦးခင်လှ (ISN-007348) အမည်ပေါက်မြေချပါမစ်မူရင်းနှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်အိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်ခင်စန်းဌေး (၁၂/ဗဟန(နိုင်)၀၅၂၉၅၅)ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးချစ်ကို (၅/ရဘန(နိုင်)၁၃၅၁၃၉) က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ၊ ပါမစ်မူရင်းနှင့်တကွ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းခိုင် (LL.B, D.B.L, D.M.L) ဦးဇော်မျိုးထက် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၈၆၇) အထက်တန်းရှေ့နေ(စဉ်-၃၇၁၇၉)**
**အမှတ်(၄)၊ သီရိလမ်း၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၀၀၄၀၁၄၉၊ ၀၉-၇၉၉၆၈၂၀၄၆**

## ပြောင်းလဲခေါ်ဆိုပါရန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ပေါင်းတည်မြို့နယ်၊ ကိုယ်ဝန်ဆောင် အုပ်စု၊ ညောင်ပင်သာရွာနေ မောင်သန်းထွဋ်အောင်၏ ဖခင် အမည်မှန်မှာ ဦးသန်းဇော်နှင့် ဦးသန်းဇော်ဦး ၇/ပတတ(နိုင်)၀၉၂၃၅၄ ဟု နာမည်နှစ်မျိုး ကွဲလွဲနေပါသဖြင့် ကျောင်းဝင်စာရင်းတွင် ပါရှိသော ဦးသန်းဇော်ဟု ပြောင်းလဲခေါ်ပါရန်။

**ဦးသန်းဇော်**

## အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ သဲကုန်းမြို့နယ်၊ အလကချားလှျားကုန်းတွင် ဒု-လယ်ပြရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဦးလှမြင့်-ဒေါ်မြင့်စန်းတို့၏သား ဦးလှိုင်မင်းအောင်၏ အမည်မှန်မှာ ဦးလှိုင်မြင့်အောင် ၇/ သကန(နိုင်) ၀၉၄၁၉၄ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၃၀-၄-၁၉၈၁ ဖြစ်ပါကြောင်း။

**ဦးလှိုင်မြင့်အောင် (၃၀-၄-၁၉၈၁)**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ မဟာစည်တိုးချဲ့ရပ်၊ ကွင်း/အကွက်အမှတ်(၉-န)၊ ဦးပိုင်အမှတ် (၁၁၆/၁၉၉၂-၁၉၉၃)၊ ဂရန်မြေကွက်အမှတ်(၁၁၆)၊ ဧရိယာ(၀.၀၄၂)ကေရှိ ဂရန်မြေကွက်မှာ အရှေ့လားသော် မြေကွက်အမှတ် (၁၁၇)၊ အနောက်လားသော်-ပေ(၄၀)လမ်း၊ တောင်လားသော်-ဒူးလမ်း၊ မြောက်လားသော်-လမ်းမ၊ ၄င်းအလားလေးရပ်အတွင်း တည်ရှိပါသည်။ အလျား(၃၆ပေ၊ ၆လက်မ)၊ အနံ(ပေ ၅၀) ရှိ အဆိုပါဂရန်မြေကွက်အား ယခုလက်ရှိပိုင်ဆိုင်သူ ဒေါ်သန်းသန်းဦးမှ (၁၁-၇-၂၀၁၈)ရက်က ဒေါ်စိမ်းစိမ်းမြတ်ထံမှ ကာလတန်ဖိုးတစ်ရပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ခြင်းဖြစ်ပါသည်။ ယခုအခါ ဒေါ်သန်းသန်းဦး ၉/မထလ(နိုင်) ၀၆၇၈၀၀၉မှ အဆိုပါဂရန်မြေကွတ်အမှတ်(၁၁၆)အား အုတ်တံတိုင်းကာရံခြင်း၊ နေအိမ် ဆောက်လုပ်ခြင်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤဂရန်ပိုင်းမြေကွက်အမှတ်(၁၁၆)နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အုတ်တံတိုင်းကာရံခြင်း၊ နေအိမ်ဆောက်လုပ်ခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-** ဒေါ်သန်းသန်းဦး ၉/မထလ(နိုင်)၀၆၇၈၀၀၉

**လွှဲအပ်ညွှန်ကြားချက်အရ-** ဦးဇော်အောင်လွင် LL.B တရားလွှတ်တော်ရှေ့နေ စဉ်-၁၆၇၆၆ ; ဒေါ်ဌေးဌေးစိုး LL.B တရားလွှတ်တော်ရှေ့နေ စဉ်-၁၆၇၇၄

ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မဟာစည်တိုးချဲ့ရပ်၊ မိတ္ထီလာမြို့၊ ဖုန်း-၀၉-၄၄၂၀၀၃၅၃

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃-တိုးချဲ့)၊ ငါးမာန် အောင် ဘုရား(၁)လမ်း၊ မြေကွက်အမှတ် (၂၂) ဟုခေါ်တွင်သော ပေ(၄၀x၆၀)ပေအကျယ်ရှိ မြေကွက်သည် ဦးငြိမ်းချမ်းပြည့်စုံ အမည်ပေါက် နှစ် (၆၀) ဂရန်မြေအမျိုးအစားဖြစ်ပြီး ယင်းမြေကွက်ပေါ်ရှိ နေအိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ၎င်းမှတစ်ဆင့် ဆက်စပ်စာချုပ်များနှင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူ ဦးရဲကိုကို (၁၂/ဒဂမ(နိုင်)၀၂၉၉၈၀)မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဦးသက်မိုးခိုင်က ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ထက်ကျော်လွန်ပါက မည်သည့်ကန့်ကွက်ချက်ကိုမျှ လက်ခံစဉ်းစားမည်မဟုတ်ကြောင်းနှင့် ကျန်ငွေများကို အပြေအကြေပေးချေ၍ မြေကွက်နှင့်နေအိမ်အား လက်ရောက်ရယူ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြား** — ဦးသက်မိုးခိုင် ၁၃/သနန(နိုင်)၀၁၈၇၁၈

**လွှဲအပ်ညွှန်ကြားချက်အရ-** ဒေါ်မေမြတ်နိုး တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၈၆၀) အမှတ်(၄/၈၃)၊ အောင်မင်္ဂလာကျောင်းလမ်း၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉ ၄၂၀၀၇၂၀၄၅

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၆)ရပ်ကွက်၊ ကံကော်လမ်း၊ အမှတ် (၂၂၁/ခ)၊ မြေအကျယ်အဝန်း (အလျားxအနံ) (၁၅ ပေ x ပေ ၅၀)ရှိ ရေ၊ မီးအစုံအလင်ပါဝင်သည့် မြေကွက်အပါအဝင် ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ လက်ရောက်ပိုင်ဆိုင်ထားပြီး၊ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်လှရီအေး (၇/ရကန(နိုင်)၀၀၁၃၅၉)ထံမှ ဒေါ်မိုးမိုးအေး (၁၂/ဥကတ(နိုင်)၀၁၂၃၅၄၆)မှ စရန်ပေးဝယ်ယူထားခဲ့ပြီးဖြစ်၍ ကန့်ကွက်မည့်သူရှိပါက နောက်ဆုံးကျန်ငွေမချေခင် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကလျာဝင်း၊ အထက်တန်းရှေ့နေ (စဉ် - ၃၄၂၁၁)**
**အမှတ် (၂၇၇/က)၊ ကန်တော်မင်္ဂလာလမ်း၊ (၂၀) ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊**
**ဖုန်း-၀၉-၆၇၀၉၉၀၉၀၉၊ ၀၉-၇၈၂၇၈၂၇၂၈**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ ကွင်းအမှတ်-၁၀၄၀၊ ဆက်သွားကျွန်း ကွင်း၊ ဦးပိုင်အမှတ်- ၂၄၊ လယ်ယာမြေအမျိုးအစားမြေကွက်၊ ဧရိယာ (၁.၇၇)ကေကို ဦးမြင့်ဆွေ (၁၂/လကန(နိုင်)၁၇၄၀၅၀)ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အင်းယားလမ်း၊ အမှတ် (၁၀၄)နေ ဦးသန်းမြင့်ဦး (၁၂/ကမရ(နိုင်)၀၂၂၈၇၉)နှင့် ဒေါ်မြင့်မြင့်ရီ(ခ)ဒေါ်နန်းမြင့်မြင့်ရီ (၁၂/စခန(နိုင်)၀၃၉၉၁၅)တို့မှ (၂၇-၅-၂၀၁၄)ရက်စွဲပါ နှစ်ဦးသဘောတူ လယ်ယာမြေအရောင်းအဝယ် ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ ကျွန်တော်/ကျွန်မတို့ လက်ဝယ်ပိုင်ဆိုင်ထားသည့် အဆိုပါမြေကွက်အား ကျွန်တော်/ကျွန်မတို့၏ခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ လွှဲပြောင်းရောင်းချ၊ ပေါင်နှံခြင်း၊ ငှားရမ်း၊ ကျူးကျော်နေထိုင်ခြင်း မပြုလုပ်ရန်နှင့်ပြုလုပ်ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းမြင့်ဦး (၁၂/ကမရ(နိုင်)၀၂၂၈၇၉)နှင့်**
**ဒေါ်မြင့်မြင့်ရီ(ခ)ဒေါ်နန်းမြင့်မြင့်ရီ (၁၂/စခန(နိုင်)၀၃၉၉၁၅)**
**ဖုန်း- ၀၉ ၄၃၁၃၉၃၁၅**
**အမှတ် (၁၀၄)၊ အင်းယားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ အေးစေတီရပ်ကွက်၊ ကွင်းအမှတ်(၃၅/၁၊ ဝက်ကုန်းရပ်)၊ ဦးပိုင်အမှတ်(၂၄/၁)၊ မြေဧရိယာ (၀.၁၆၆)ကေရှိ မြေကွက်အား မူလက ဒေါ်ဘီနားအမည်ဖြင့် ၁၂-၉-၂၀၁၅ ရက်အထိ မြေငှားဂရန်သက်တမ်း ရရှိထားသော မြေကွက်ဖြစ်ပြီး မူလဂရန်အမည်ပေါက်သူ ဒေါ်ဘီနားမှာ ၂၇-၇-၂၀၀၂ ရက်တွင်လည်းကောင်း၊ ခင်ပွန်းဖြစ်သူ ဦးနားရ်ဗဟာဒူးမှာ ၆-၉-၂၀၁၆ရက်တွင်လည်းကောင်းအသီးသီးကွယ်လွန်သွားခဲ့ကြပြီး ၎င်းတို့တွင် ဦးဆင်းဗဟာဒူး၊ ဦးဆွမ်းဗဟာဒူး၊ ဒေါ်မေနူကာဒေဗီ၊ ဒေါ်အိုမာဒေဗီ၊ ဒေါ်ဂျာနူကားဒေဗီတို့သားသမီး(၅)ဦးထွန်းကားခဲ့ရာ ၎င်းသားသမီး(၅)ဦးမှ ၂၂-၁၀-၂၀၁၈ ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ်(၁၉၉/၂၀၁၈)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ကြပြီး အမွေဆက်ခံပိုင်ဆိုင်သူ(၅)ဦးအနက် ဒေါ်အိုမာဒေဗီ၊ဦးဆွမ်းဗဟာဒူး၊ ဒေါ်မေနူကာဒေဗီ၊ ဒေါ်ဂျာနူကားဒေဗီတို့(၄)ဦးမှ ဦးဆင်းဗဟာဒူးထံသို့ဦးပိုင်(၂၄/၁က)၊ မြေဧရိယာ (၀.၀၈၈)ကေအပိုင်းကို (၂၃-၁၀-၂၀၁၉)ရက်စွဲပါ အိမ်ခြံမြေကွက်အပြီးအပိုင် စွန့်လွှတ်စာချုပ်မှတ်ပုံတင်အမှတ် (၄၅၀/၂၀၁၉)ဖြင့် အိမ်ခြံမြေကွက် အပြီးအပိုင် စွန့်လွှတ်ခြင်းကို လက်ခံခဲ့ပြီးဖြစ်သဖြင့် ဦးဆင်းဗဟာဒူး ၁/မကန(နိုင်) ၀၄၂၈၀၀၇ အမည်ဖြင့် ဦးပိုင်ခွဲ၊အမည်ပြောင်း မြေငှားဂရန် အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း၊ ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်နေ ဦးကျော်ဇင်လတ်-ဒေါ်သိမ့်သိမ့်ဦး တို့၏သား အထက သနပ်ပင် Grade-11(B)မှ မောင်ဟိန်းခန့်၏ မွေးသက္ကရာဇ် အမှန်မှာ ၂၄-၇-၂၀၀၇ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/12535, Yunde-110 ယာဉ်လက်ဝယ်ရှိသူ Yatanar Eike Met Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## သုခိတာရာမ (၅)ထပ် ဓါတ်လှေခါးအလှူတော်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ဗဟိုလမ်း (စမ်းချောင်းအထက (၄)အနီး) သုခိတာရာမ ပရိယတ္တိစာသင် တိုက် (၆)ထက် အဆောက်အဦး၏ (၅)ထပ်ဓါတ်လှေခါးတော်ကြီးတွင် ရဟန်း သံဃာတော်များ ယောဂီသူတော်စင်များ ဂိလာန ပုဂ္ဂိုလ်များ ချမ်းသာစွာတက်ဆင်းနိုင်ရန် ဓာတ်လှေခါးတည်ဆောက်နေရာ (၈၀) ရာခိုင်နှုန်းပြီးစီးနေပါပြီ။ ဓာတ်လှေခါးဖွင့်ပွဲ အလှူငွေပေးအပ်ပွဲများရှိနေပါသဖြင့် အချိန်မှီလှူဒါန်းနိုင်ကြရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။



- ဓါတ်လှေခါးတစ်ဆောင်လုံး အလှူ(၅)ထပ် ကျပ်သိန်း(၁၀၀၀)
- ဓါတ်လှေခါးတစ်ထပ်လျှင် အလှူ ကျပ်သိန်း(၂၀၀)
- ဓါတ်လှေခါးတစ်ထပ်၏(လေးပုံတစ်ပုံ) ကျပ်သိန်း(၅၀) (တစ်မျက်နှာစာတစ်ခုက်)
- တစ်ပေပတ်လည်တစ်ကွက် ကျပ်(၁၀၀၀၀)

အလှူရှင်များအား ကမ္ပည်းရေးထိုးပေးပါမည်။

သုခိတာရာမဖုန်းနံပါတ်

01-534086, 09-5321172


## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ (၃၇)ရပ်ကွက်၊ မန်းဘခိုင်လမ်း၊ မြေကွက်အမှတ်(၁၀၄၉)၊ ပေ(၄၀x၆၀) အကျယ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းမှတ်တမ်းတွင် ဦးသိန်းဝင်းအမည်ဖြင့် မှတ်သားတည်ရှိသော နှစ်(၆၀)မြေငှားဂရန်အမျိုးအစားမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်ဖြူဖြူသော် (၁၂/တမန (နိုင်)၀၃၆၅၂၃)က ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဦးဇော်လင်းရွှေ(၁၂/မရက(နိုင်)၀၆၉၁၂၃)၊ ဒေါ်စန္ဒာရွှေ(၁၂/မရက(နိုင်)၁၀၆၂၇၅)တို့မှလည်း ဝယ်ယူရန်အတွက် မြေကွက်၏ရောင်းဖိုးစရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဒေါ်သက်သက်မွန် | ဦးသုထက်ကျော်လွင် | ဒေါ်ပန်းမွှေး |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၁၀၆၀၅/၂၀၁၅) | (စဉ်-၄၉၅၀၂/၂၀၁၈) | (စဉ်-၁၆၃၉၇/၂၀၁၉) |

တိုက်(၄)၊ အခန်း(၃၁)၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆

## ဖခင်အမည်မှန်

ရမည်းသင်းမြို့၊ အထက (၁)G-12 (B)မှ မောင်သူထူးစံ၏ ဖခင်အမည်မှန်မှာ ဦးစိုးညွှန့် ၉/ရမသ(နိုင်) ၀၆၆၄၃၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ အမှတ် (၃) အလက G-5 မှ မောင်ထူးအောင်ဝင်း ၏ဖခင်အမည်မှန်မှာ ဦးကျော်စွာမင်း ၁၁/ဂမန (နိုင်)၀၃၁၄၅၀ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 43W/83245 ယာဉ်လက်ဝယ်ရှိသူ ဦးထိန်လင်းအောင် ၇/ဝမန(နိုင်)၁၇၂၁၀၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီး
ဦးစီးမှူးရုံး(ပဲခူး)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 29W/89297 ယာဉ်လက်ဝယ်ရှိသူ ဦးလှိုင်ကိုဦး ၇/ဒဥန(နိုင်)၀၈၈၁၁၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီး
ဦးစီးမှူးရုံး(ပဲခူး)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/52714, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြ ၁၄/ပတန(နိုင်) ၀၄၉၈၈၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မအူပင်)
မအူပင်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2B/5115 ယာဉ်လက်ဝယ်ရှိသူ ဦးကြည်ဆွေဝင်း ၅/ကလထ(နိုင်)၁၂၅၆၁၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(ကလေးမြို့)

## အသိပေးကြေညာခြင်း

ကျွန်တော်များ TARM KHUN CONSTRUCTION CO LTD ၏ ၁၄-၇-၂၀၂၃ ရက်တွင် ကျင်းပ ပြုလုပ်ခဲ့သည့် အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏ အစုရှယ်ယာစုစုပေါင်း ၅၀၀ စု မှ ၁၀ စု သို့ လျှော့ချမည်ဖြစ်ပါကြောင်း အများသိရှိနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။ **ဒါရိုက်တာအဖွဲ့**

**TARM KHUN CONSTRUCTION CO LTD**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2K/9292 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ အထက(၂) ဒဂုံ Grade-10မှ မစန္ဒီထက်ဦး၏ဖခင်အမည်မှန်မှာ ဦးစန်းဝင်း ၁၂/ဗဟန(နိုင်)၀၀၈၁၄၀ ဖြစ်ပါကြောင်း။ **ဦးစန်းဝင်း ၁၂/ ဗဟန(နိုင်)၀၀၈၁၄၀**

## မွေးသက္ကရာဇ်အမှန်

နေပြည်တော်၊ Edumax Middle School Grade-4မှ ဦးသက်အောင် ၁၂/ဒဂန(နိုင်) ၀၃၄၁၀၂ ၏သမီး မသန့်သံသာအောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၂-၄-၂၀၁၃ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးအောင်ကျော်စိုး ၁၄/ဟသတ (နိုင်) ၁၅၁၂၃၈ ၊ ဒေါ်မော်မော်တို့၏ သားဖြစ်သူ ပုသိမ်မြို့၊ ရန်ကင်းတောင်လမ်း၊ အမှတ်(၁၁)ရပ်ကွက်(K.S.T) ကိုယ်ပိုင်အထက်တန်းကျောင်း၊ ကျောင်းဝင်အမှတ် ၀၂၈၃/ Grade-3 မှ မောင်ချစ်မင်းသန့်အား ယနေ့မှစ၍ မောင်ကောင်းမြတ်စံဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ကောင်းမြတ်စံ**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဆိပ်ကမ်းသာ ကိုယ်ပိုင်အထက် တန်းကျောင်း Grade-2မှ မောင်ခန့်ဘုန်းဇော်၏ ဖခင်အမည်မှန်မှာ ဦးထွန်းဝေ ၈/ခမန(နိုင်)၁၃၉၆၂၆ ဖြစ်ပါကြောင်း။ **ဦးထွန်းဝေ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City ကြယ်စင်အိမ်ရာအတွင်းရှိ သန်လျင်ရိပ်မွန်အိမ်ရာ စီမံကိန်းအဆင့်၊ City Loft၊ တိုက်အမှတ်(CL 4)၊ (၆)လွှာ၊ အခန်းအမှတ်(၆၁၁)၊ အခန်းအမျိုးအစား Type (Studio)၊ အကျယ်အဝန်းဧရိယာ (၃၁၂) စတုရန်းပေရှိသော ကွန်ဒိုတိုက်ခန်းနှင့်တိုက်ခန်းတွင်ပါရှိသော လျှပ်စစ်ပစ္စည်းများ၊ ပရိဘောဂများတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ရှင်ဖြစ်သူ ဒေါ်လားလ်နွန်ငှတ်အီး ၅/ကလထ(နိုင်)၁၆၃၅၇၂ ထံမှ ဝယ်ယူရန်အတွက် ကျွန်မ ဒေါ်အိအိခင် ၁၂/သဃက (နိုင်)၀၉၅၈၅၂ စရန်ငွေပေးချေခဲ့ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်မထံသို့အထောက်ထား ခိုင်လုံစွာဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက် ဆောင်ရွက်သွားပါမည်။

**ဒေါ်အိအိခင်**
**ဖုန်း -၀၉-၄၂၀၁၆၆၉၉၄**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ စီတီးရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၈၁၇/ဆွမ်းချက်တောင်)၊ မြေကွက်အမှတ် (F-၂/၅၂၆)၊ မြေဧရိယာ(၀.၁၁၅)ဧကရှိ မြေအားပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထဲရေးဝန်ကြီးဌာန၏(၂၆-၉-၂၀၁၆) ရက်စွဲပါစာအမှတ်၊ ပထရ/ဖ(၁၉၈၆) ရေး-၁ အရ မြို့မြေအဖြစ်သတ်မှတ်ခဲ့ပါသည်။ ဦးချစ်သောင်း(ဘ)ဦးကျော်ရန်(၅/စကန(နိုင်)၀၉၇၇၇၈)မှ အဆိုပါမြေကွက်အား လွန်ခဲ့သော(၁၅)နှစ်ခန့်ကဝယ်ယူခဲ့ပြီး လက်ရှိနေထိုင်သည်မှာ မှန်ကန်ကြောင်းကို ၂-၆-၂၀၂၃ ရက်တွင် စစ်ကိုင်းမြို့ နယ်တရားရုံး၌ ကျမ်းကျိန်ဆိုခဲ့ပြီး မှတ်ပုံတင်ထားရှိခဲ့ပါသည်။ ယခုအခါ မြေကွက်ဝယ်ယူပိုင်ဆိုင်သူ ဦးချစ်သောင်းအမည်ဖြင့် ပုဂ္ဂလိကမြေငှားဂရန်အသစ်လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

၁။ နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်း ကားဂိတ်ခန်းအမှတ် (က-၈၄)ဆိုင်ခန်း အား အမှတ်(၁၇)၊ အောင်သပြေလမ်း၊ ကျွန်း/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့အမှတ်(၂၃-က)၊ (၁၄) ရပ်ကွက်၊ ရတနာလမ်းနှင့် ဗောဓိလမ်းထောင့်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်စိုးစိုးစံ(၁၂/စခန(နိုင်)၀၀၀၁၆၆)က အခွန် ထမ်းအမည်ပေါက်ပိုင်ဆိုင်ပါသည်။

၂။ အဆိုပါ(က-၈၄)ဆိုင်ခန်းအား အမှတ် ၉/၈၄/ခ၊ ကေးလမ်း၊ မင်္ဂလာသာဓံ ကျေးရွာ၊ မင်္ဂလာရပ်ကွက်၊ ပျဉ်းမနား မြို့၊ နေပြည်တော်နေ ဦးဉာဏ်ထူးလှိုင် (၉/ပမန(နိုင်) ၀၅၁၈၇၁)သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် အထောက်အထားများနှင့်အတူ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ လျှောက်ထားတင်ပြလာပါသည်။

၃။ သို့ဖြစ်ပါ၍ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း "ကန့်ကွက်လိုသူ ရှိကကန့်ကွက်နိုင်ကြောင်း" နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ ကန့်ကွက်လွှာတင်သွင်းလျှောက်ထားနိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက (သို့မဟုတ်) ကန့်ကွက်လွှာတွင် အထောက်အထားခိုင်လုံမှုမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**အခွန်ဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(ထရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ပြည်ခရိုင်တရားရုံး**

**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၄**

ဦးကျော်မျိုးထွန်း ပါ-၂ (တရားလိုများ) နှင့် ဒေါ်အေးသင် (တရားပြိုင်)

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်၊ ပြည်မြို့၊ နဝင်းရပ်ကွက်၊ ရွှေလက်လှရပ်၊ ရဲဌာနလမ်းနေ တရားပြိုင် ဒေါ်အေး သင်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

